# ပဋ္ဌာန်းပစ္စည်းကို ပြဆိုချက်

၅၉၄။ ဤအရာ၌ တန့်ရပ်၍ စောဒကပုဂ္ဂိုလ်က "အဝိဇ္ဇာသည် သင်္ခါရတို့အား ကျေးဇူးပြု၏"ဟူသော ဤစကားကို ရှေးဦးစွာ လက်ခံပါကုန်၏။ သို့သော် အဘယ်သင်္ခါရတို့က အဘယ်သို့သသော အခြင်းအရာအားဖြင့် ကျေးဇူးပြုသည်-ဟူသော ဤစကားကို ဆိုသင့်ပါသေးသည်" ဟူ၍ စောဒနာကို ဆို၏။ ဤကျေးဇူးပြုတတ်သည်၏ အဖြစ်၌ ဤဆိုလတံ့သော အဖြေစကားကို ပြန်ကြား ဖြေဆိုအပ်ပေသည်။ ဖြေဆိုဟန်ကား မြတ်စွာဘုရားသည်-

"ဟေတုပစ္စယော, အာရမ္မဏပစ္စယော, အဓိပတိပစ္စယော, အနန္တရပစ္စယော, သမနန္တရပစ္စယော, သဟဇာတပစ္စယော, အညမညပစ္စယော, နိဿယပစ္စယော, ဥပနိဿယပစ္စယော, ပုရေဇာတပစ္စယော, ပစ္ဆာဇာတပစ္စယော, အာသေဝနပစ္စယော, ဈာနပစ္စယော, မဂ္ဂပစ္စယော, သမ္ပယုတ္တပစ္စယော, ဝိပ္ပယုတ္တပစ္စယော, အတ္ထိပစ္စယော, နတ္ထိပစ္စယော, ဝိဂတပစ္စယော, အဝိဂတပစ္စယော" ဟူ၍

ထိုဟေတုပစ္စယော စသော စကားတော်၌ အနက်အကျယ်ကား ထိုသဘောသည် ဟေတုလည်းမည်, ပစ္စယလည်း မည်သောကြောင့် ဟေတုပစ္စယ-မည်၏။[1] ဟိတ်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား၊ ဟိတ်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားဟု ဆိုလို၏။ အာရမ္မဏပစ္စယ-အာရမ္မဏပစ္စည်း စသည်တို့၌လည်း ဤနည်း ပင်တည်း။

## (၁) ဟေတုပစ္စည်း

၅၉၅။ ထိုဟေတုပစ္စယ စသည်တို့၌ **ဟေတု-ဟိတ်**-ဟူသော ဤအမည်သည် စကား၏အစိတ်, အကြောင်း, မူလတို့၏ အမည်ပေတည်း။ ချဲ့၍ပြဦးအံ့။ လောက နျာသကျမ်း၌ ပဋိညာဉ် ဟိတ် စသည်ဖြင့် ဆိုသော စကားတို့၌ စကား၏ အစိတ်ကို[2] ဟေတု-ဟိတ်ဟု ဆိုအပ်၏။ သာသနာတော်ကျမ်း၌မူ "ယေ ဓမ္မာ ဟေတုပ္ပဘဝါ -

---

[1] ဟေတု- ဟိတ်- အမြစ်မ သဖွယ်ဖြစ်၍+ ပစ္စယ- ကျေးဇူးပြုတတ်သည်= ဟေတုပစ္စယ- အမြစ်မ,သဖွယ်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

[2] ဝစနာဝယဝ-စကား၏ အစိတ်ဟု သာမညဆိုထားသော်လည်း နျာသကျမ်းလာ စကား၏ အစိတ်အပိုင်း ငါးပါးလုံးကို ဆိုလိုသည် မဟုတ်။ ထိုငါးပါးထဲမှ ဒုတိယဖြစ်သော ပဋိညာကို ပြီးစေတတ်သော ထောက်ခံတတ်သော အကြောင်းပြ စကားကိုသာ ဆိုလိုသည်။ နျာသကျမ်းလာ စကား၏ အစိတ်အပိုင်း ငါးပါးကို ဗဟုသုတအလို့ငှာ အကျဉ်းချုပ် ပြဆိုအံ့။

စကားအခြေအတင် ပြောဆိုသောအခါ အသိခက်အနက်ကို ပြဆိုသောအခါတို့၌ အခြားပုဂ္ဂိုလ်များ နှစ်သက် လက်ခံနိုင်အောင် ဝစနာဝယဝခေါ် စကား၏ အစိတ်အပိုင်း ငါးပါးလုံးကို ပြောဆိုရ၏။

(၁) ပဋိညာ- မိမိ၏ ဝါဒအဖြစ်ဖြင့် ဝန်ခံတင်ပြချက်, အဆိုတင်ပြချက်၊

(၂) ဟေတု- ထိုတင်ပြချက် မှန်ကန်ကြောင်း သိစေရန် အကြောင်းပြချက်၊

(၃) ဥဒါဟရဏ- ပုံတူ ဥပမာ ထုတ်ပြချက်၊

(၄) ဥပနယ- ဥပမာနှင့် ဥပမေယျ နီးနှောဆောင်ကပ်၍ ပြချက်၊

(၅) နိဂုံး- အဆုံးသတ် အတည်ပြု ဆုံးဖြတ်ချက်တို့ပင် ဖြစ်သည်။

ဥပမာ ပုံစံထုတ်၍ပြအံ့ -

(၁) အသံသည် မမြဲ၊ (ပဋိညာ- အဆိုတင်ပြချက်)

အကြောင်တရားတို့သည် အကြောင်းလျှင် အမွန်,အစ ရှိကုန်၏" ဤသို့ စသည်တို့၌ အကြောင်းကို ဆိုအပ်၏။ "တယော ကုသလဟေတူ၊ တယော အကုသလဟေတူ- သုံးပါးကုန်သော ကုသိုလ်ဟိတ်တို့၊ သုံးပါးကုန်သော အကုသိုလ်ဟိတ်တို့" ဤသို့ အစရှိသော စကားတို့၌ မူလကို **ဟိတ်**ဟု ဆိုအပ်၏။ ထိုမူလကို ဤ၌ အလိုရှိအပ်၏။

**ပစ္စယ**-ဟူသော ဤပုဒ်၌မူ ဤကား ဝစနတ္ထ-သဒ္ဒါနက်ပေတည်း။ **စွဲ၍ ဤအကြောင်းကြောင့် ဖြစ်၏။** ထို့ကြောင့် စွဲ၍ ဖြစ်ကြောင်းသည် ပစ္စယ မည်၏။ စွဲ၍ ဖြစ်၏-ဟူသည်မှာ ထိုအကြောင်းကို မစွန့်မူ၍ ဖြစ်၏-ဟု ဆိုလို၏။ ထင်ရှားပြရလျှင် - **အကြောင်အကျိုးတရားသည် အကြောင်အကြောင်းတရားကို မစွန့်မူ၍ တည်မူလည်း တည်၏။ ဖြစ်မူလည်း ဖြစ်၏**။ ထိုအကြောင်းတရားသည် ထိုအကျိုးတရား၏ ပစ္စယ-မည်သည်ဟု ဆိုလို၏။

**လက္ခဏာအားဖြင့်မူကား**- ကျေးဇူးပြုခြင်းလက္ခဏာရှိသော သဘောသည် (ဝါ) ကျေးဇူးပြုတတ်သော လက္ခဏာသဘောသည် ပစ္စယ မည်၏။ မှန်ပေသည်- အကြောင်အကြောင်းတရားသည် အကြောင်အကျိုးတရားအား ဖြစ်ခြင်းငှာ၄င်း, တည်ခြင်းငှာ၄င်း ကျေးဇူးပြုတတ်၏။ ထိုအကြောင်းတရားကို ထိုအကျိုးတရား၏ ပစ္စယ-ကျေးဇူးပြုတတ်သော အကြောင်းဟု ဆိုအပ်၏။ ပစ္စယ-ပစ္စည်း၊ ဟေတု-ဟိတ်၊ ကာရဏ-အကြောင်း၊ နိဒါန-နိဒါန်း၊ သမ္ဘဝ-ဖြစ်ကြောင်း၊ ပဘဝ-ဖြစ်ခဲ့ရာ အမွန်အစ, ဤသို့ အစရှိသော အမည်အပေါင်းသည် လိုရင်းအနက် အားဖြင့် တူ၏။ သဒ္ဒါအားဖြင့်သာ ထူး၏။

ဤသို့လျှင် အကြောင်းရင်းမြစ်မ,မူလဟူသော အနက်သဘောကြောင့်[1] **ဟေတု**မည်၏။ ကျေးဇူးပြုတတ်သော အနက်သဘောကြောင့် **ပစ္စယ**မည်၏။ ဤသို့ ဖြစ်သောကြောင့် အကျဉ်းအားဖြင့် အကြောင်းရင်းမြစ်မ,မူလ ဟူသော သဘောအားဖြင့် ကျေးဇူးပြုတတ်သော တရားသည် **ဟေတုပစ္စည်း** မည်၏။

---

(၂) ဖြစ်ခြင်းသဘော ရှိသောကြောင့်၊ (ဟေတု-အကြောင်းပြချက်)

(၃) ဖြစ်ခြင်းသဘောရှိသော အရာဟူသမျှသည် အိုးခွက်ကဲ့သို့ပင် မမြဲသည်ချည်းသာ၊ (ဥဒါဟရဟ-ပုံတူဥပမာ)

(၄) ထို့အတူပင် အသံသည်လည်း ဖြစ်ခြင်းသဘော ရှိ၏။ (ပမာ-ပမေ နှီးနှောပြမှု)

(၅) ထို့ကြောင့် အသံသည် မမြဲ၊ (နိဂုံး)

ထို့ထက် ထင်ရှားသော ပုံစံတစ်ခုကို ထုတ်ပြအံ့။

(၁) ထိုတောင်၌ မီးရှိ၏။ (ပဋိညာ)

(၂) အဘယ့်ကြောင့်နည်း? မီးခိုးရှိနေသောကြောင့်တည်း၊ (ဟေတု)

(၃) မီးခိုးရှိရာ အရပ်တိုင်းမှာ စဖိုအိမ်၌ကဲ့သို့ မီးရှိစမြဲပင်။ (ဥဒါဟရဏ)

(၄) ထို့အတူပင် ထိုတောင်၌ မီးခိုးရှိနေသည်၊ (ဥပနယ)

(၅) ထို့ကြောင့် ထိုတောင်၌ မီးရှိကြောင်း သိရပေသည်။ (နိဂုံး)

ဤစကားအစိတ်အပိုင်း ငါးပါးတို့တွင် (၁)ပဋိညာနှင့် (၅) နိဂုံးသည်၄င်း၊ (၂)ဟေတုနှင့် (၄)ဥပနယသည်၄င်း အနက်အားဖြင့် တူညီလျက် ရှိ၏။ ထို့ကြောင့် ထိုငါးပါးတို့တွင် (၁နှင့် ၂)ချန်၍ (၃,၄,၅)တို့ကို ပြဆိုရုံမျှဖြင့်လည်း လုံလောက်သည်။ သို့မဟုတ် (၄နှင့်၅)ကို ချန်၍ (၁,၂,၃)တို့ကို ပြဆိုရုံမျှဖြင့်လည်း လုံလောက်သည်ဟု ယခုခေတ် ပညာရှိတို့က ဆိုကြ၏။ ထိုတွင်လည်း (၁နှင့်၂) သည်သာလျှင် အရေးအကြီးဆုံး ဖြစ်သည်။ ထို့ကြောင့်ပင် လောကီကျမ်းတို့၌၄င်း၊ သာသနာဝင် အဋ္ဌကထာ,ဋီကာကျမ်းတို့၌၄င်း (၁)ပဋိညာခေါ် လိုရင်းအနက်အဓိပ္ပါယ်ကို ပြဆိုချက်နှင့် (၂)ဟေတုခေါ် အကြောင်းပြ ထောက်ခံချက် စကားတို့ကိုသာ များစွာ ပြဆိုလေ့ရှိကြပေသည်။

[1] အကြောင်းရင်း မြစ်မ, မူလ အနက်သဘောဟူသည်မှာ- အထပ်ထပ်ဖြစ်လျက် ကြာရှည်စွာ ခိုင်ခံ့တည်တံ့စေသော သဘော သတ္တိပင် ဖြစ်သည်။

ထိုဟေတုပစ္စည်းသည် သလေးမျိုးစေ့ စသည်တို့သည် သလေးပင်စသည်တို့၏ သလေးအဖြစ် စသည်ကို ပြီးစေတတ်သကဲ့သို့၎င်း၊ ပတ္တမြား၏ ညိုသောအဆင်း စသည်တို့သည် ပတ္တမြား၏ အညိုရောင်စသည်တို့ကို ပြီးစေတတ်ကုန်သကဲ့သို့၎င်း၊ ကုသိုလ်စသည်တို့၏ ကုသိုလ်စသည် အဖြစ်ကို ပြီးစေတတ်၏။ ဤသည်ကား ရေဝတဆရာတို့၏ အလိုပေတည်း။

စိစစ်၍ ပြအံ့။ ဤသို့ ရေဝနဆရာတို့၏ အလိုအတိုင်း ဖြစ်ပါမူ[1] ထိုဟိတ်ကြောင့်ဖြစ်သော ရုပ်တို့၌ ဟိတ်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သည်၏ အဖြစ်သည် မပြီးစီး, မပြည့်စုံပဲ ရှိရာ၏။ မှန်ပေ၏။ ထိုကုသိုလ်စသော ဟိတ်သည် ထိုဟိတ်ကြောင့်ဖြစ်သော ရုပ်တို့၏ ကုသိုလ်စသည်အဖြစ်ကို မပြီးစေနိုင်။ သို့သော် ဟေတုသတ္တိဖြင့် ကျေးဇူးမပြုတတ်သည်လည်း မဟုတ်ပေ။ သာဓက ထုတ်ပြရလျှင်- "ဟိတ်တို့သည် ဟိတ်နှင့် ယှဉ်ကုန်သော တရားတို့အား၎င်း၊ ထိုဟိတ်ကြောင့်ဖြစ်ကုန်သော ရု်ပတို့အား၎င်း ဟေတုသတ္တိဖြင့် ကျေးဇူးပြု၏" ဟူသော ဤစကားကို ဟောတော်မူအပ်ပေသည်။

သည့်မျှသာ မကသေး။ အဟိတ်စိတ်တို့၏ အဗျာကတအဖြစ်ကို ပြီးစေတတ်သော ဤဟိတ်နှင့် ကင်း၍ ပြီးစီး၏။ ထို့ပြင် ဟိတ်ရှိသော သဟိတ်တရားတို့၏လည်း ကုသိုလ်စသည်၏ အဖြစ်သည် ယောနိသောမနသိကာရ စသည်နှင့်သာ စပ်၏။ သမ္ပယုတ်-ယှဉ်ဖက် ဟိတ်နှင့် စပ်သည်မဟုတ်။ ဆက်ဦးအံ့- အကယ်၍ သမ္ပယုတ်ဟိတ်တို့၌ သူ့ပင်ကို သဘောဖြင့်သာလျှင် ကုသိုလ်စသည်၏အဖြစ် ပြီးစီး၍ ဟိတ်နှင့်ယှဉ်သော တရားတို့၌မူ ကုသိုလ်စသည်၏ အဖြစ်သည် ဟိတ်နှင့် စပ်ဆိုင်ငြားအံ့။ သို့ဖြစ်လျှင် အလောဘသည် ကုသိုလ်ဖြစ်စေ, အဗျာကတဖြစ်စေ တမျိုးမျိုးသာ ဖြစ်ရာ၏။ စင်စစ်သော်ကား ကုသိုလ်ရော, အဗျာကတရော ၂-မျိုးလုံးလည်း ဖြစ်ပေ၏။ ထို့ကြောင့် ဟိတ်နှင့်ယှဉ်သော တရားတို့၌ကဲ့သို့ ထို့အတူ ဟိတ်တို့၌လည်း ကုသိုလ်စသည်၏အဖြစ် ပြီးကြောင်းကို ရှာကြံအပ်လေရာ၏။ [2]

အသင့်အလျော်ကား ဤသို့ပေတည်း။ ဟိတ်တို့၏ မူလအနက်သဘောကို ကုသိုလ်စသည်၏ အဖြစ်ကို ပြီးစေသည်၏ အစွမ်းအားဖြင့် မယူမူ၍ ကောင်းစွာ တည်တံ့သည်၏အဖြစ်ကို ပြီးစေသည်၏ အစွမ်းအားဖြင့် ယူအပ်ပါမူ တစုံတရာ မဆန့်ကျင်ပေ။ အကြောင်းမူကား- စည်ပင်ပြန့်ပွားသော အမြစ်ရှိကြသော သစ်ပင်တို့သည် မြဲမြံခိုင်ခံ့လျက် ကောင်းစွာ တည်တံ့ကုန်သကဲ့သို့ ဟေတုပစ္စည်းသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ရကုန်သော ပစ္စယုပ္ပန်တရားတို့သည် မြဲမြံခိုင်ခံ့လျက် ကောင်းစွာ-ကြာရှည်စွာ တည်တံ့ကုန်၏။ ဟေတုပစ္စည်းကို မရသော အဟိတ်တရားတို့သည်ကား နှမ်းစေ့ခန့်မှော် စသော မှော်တို့ကဲ့သို့ပင် ကောင်းစွာ မတည်တံ့ကြကုန်။ ဤကား မဆန့်ကျင်ခြင်း၏ အကြောင်းပေတည်း။ ဤသို့ဖြစ်သောကြောင့် (ဝါ) သို့ဖြစ်၍ "အကြောင်းရင်း မြစ်မ,မူလ

---

[1] ဟေတုပစ္စည်းက မိမိကြောင့်ဖြစ်သော အကျိုးပစ္စယုပ္ပန် တရားတို့ကို မိမိကဲ့သို့ပင် ကုသိုလ်စသည်၏ အဖြစ်ကို ပြီးစေသည်ဟု ဆိုခဲ့ပါလျှင်- ထိုအဆိုအတိုင်း မှန်ခဲ့ပါလျှင်-ဟု ဆိုလိုသည်။

[2] ဟိတ်နှင့်ယှဉ်သော တရားတို့၌ ဟိတ်ကြောင့် ကုသိုလ်စသည်အဖြစ် ပြီးသည်ဟု ကုသိုလ်စသည်အဖြစ် ပြီးကြောင်းတရားကို ရေဝတဆရာတို့ ရှာကြံကြသကဲ့သို့ ဟိတ်တို့၌လည်း ကုသိုလ်စသည် ဖြစ်ပြီးအောင် ကျေးဇူးပြုသော အကြောင်းတရားကို ရှာသင့်ရှာထိုက်သော အပြစ်ရောက်သည်ဟု ဆိုလိုသည်။

ဟူသော သဘောအားဖြင့် ကျေးဇူးပြုတတ်သောတရား"ဟူရာ၌ ကောင်းစွာ တည်တံ့သည်၏အဖြစ်ကို ပြီးစေသောအားဖြင့် ကျေးဇူးပြုတတ်သော တရားသည် ဟေတုပစ္စည်းမည်၏ဟု သိအပ်၏။[1]

## (၂) အာရမ္မဏပစ္စည်း

၅၉၆။ ထိုဟေတုပစ္စည်းမှ နောက်ပစ္စည်းတို့တွင် ဆွဲကိုင်အပ်သော အာရုံအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားသည် အာရမ္မဏပစ္စည်း မည်၏။ "ရူပါယတန-အဆင်းသည် စက္ခုဝိညာဏဓာတ်-မြင်သိမှုအား အာရမ္မဏ-ပစ္စယသတ္တိ- အာရုံအပြုခံခြင်း သဘောအားဖြင့် ကျေးဇူးပြု၏" ဤသို့ စသည်ဖြင့် စတင်အားထုတ်ခဲ့, ဟောခဲ့ပြီး၍လည်း "အကြင် အကြင်တရားတို့ အာရုံပြု၍ အကြင် အကြင် စိတ်,စေတသိက် တရားတို့သည် ဖြစ်ကုန်၏။ ထိုသို့ဖြစ်ရာ၌ ထိုထိုအာရုံတရားတို့သည် ထိုထိုစိတ်,စေတသိက်တို့အား အာရမ္မဏပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုကုန်၏"ဟု နိဂုံးချုပ် အဆုံးသတ်အပ်သောကြောင့် တစုံတခုသော တရားမျှ ထိုအာရမ္မဏပစ္စည်း မဖြစ်သည်မရှိ။ ဖြစ်သည် ချည်းသာတည်း။ ဥပမာဖြင့် ထင်စွာပြရလျှင် အားနည်းသောယောကျ်ားသည် ဒုတ်တောင်ဝှေးကို ဖြစ်စေ၊ ကြိုးကိုဖြစ်စေ ဆွဲကိုင်၍သာလျှင် ထလည်း ထနိုင်, ရပ်လည်း ရပ်တည်နိုင်သကဲ့သို့ ထို့အတူပင် စိတ်စေတသိက်တရားတို့သည် အဆင်းအစရှိသော အာရုံကို အာရုံပြု(ဆွဲကိုင်) ကုန်၍သာလျှင် ဖြစ်လည်း ဖြစ်နိုင်ကုန်၏။ တည်လည်း တည်နိုင်ကုန်၏။ ထို့ကြောင့် စိတ်စေတသိက်တို့၏ အာရုံဖြစ်ကုန်သော အလုံးစုံလည်း ဖြစ်ကုန်သော တရားဟူသမျှတို့ကို အာရမ္မဏပစ္စည်းဟူ၍ သိအပ်ကုန်၏။ [2]

## (၃) အဓိပတိပစ္စည်း

၅၉၇။ အကြီးအမှူးအဖြစ်ဟူသော သဘောအားဖြင့် ကျေးဇူးပြုတတ်သော တရားသည် အဓိပတိပစ္စည်းမည်၏။ ၎င်းသည် သဟဇာတာဓိပတိ, အာရမ္မဏာဓိပတိ တို့၏ အစွမ်းအားဖြင့် ၂-ပါး အပြားရှိ၏။ ထိုတွင် "ဆန္ဒာဓိပတိ- ကြီးမှူးလွန်ကဲသော ဆန္ဒသည် ဆန္ဒနှင့်ယှဉ်ကုန်သော စိတ်စေတသိက် တရားတို့အား၎င်း, ထိုဆန္ဒကြောင့်ဖြစ်သော ရုပ်တို့အား၎င်း အဓိပတိပစ္စည်း-(သတ္တိ)ဖြင့် ကျေးဇူးပြု၏" ဤသို့ စသည်ဖြင့် ဟောတော်မူသောကြောင့် ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ-ဟု ဆိုအပ်ကုန်သော လေးပါးသော တရားတို့ကို သဟဇာတ-အဓိပတိပစ္စည်း ဟု သိအပ်ကုန်၏။ သို့သော်လည်း လေးပါးလုံး တပြိုင်နက်ကား အဓိပတိပစ္စည်း မဖြစ်ကြကုန်။ တပါးချင်းသာလျှင် ဖြစ်သည်။ ချဲ့၍ပြဦးအံ့- အကြင်အခါ၌ ဆန္ဒကို အကြီးအမှူးပြု၍ စိတ်သည်ဖြစ်၏။ ထိုအခါ၌ ဆန္ဒသည်သာလျှင်

---

[1] ဟေတုပစ္စည်း၌ အကျဉ်းမှတ်ဖွယ် - လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ ဟူသော ဤဟိတ် ၆-ပါးတို့သည် **ဟေတုပစ္စည်း** မည်၏။ ထိုဟိတ်တို့နှင့်ယှဉ်သော သဟိတ်စိတ် ၇၁-ပါး၊ မောဟမူဒွေးမှ မောဟကြဉ်သော စေတသိက် ၅၂-ပါး၊ သဟိတ်စိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်- ဤတရားအပေါင်းသည် **ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်** မည်၏။

[2] အာရမ္မဏပစ္စည်း အကျဉ်းချုပ် မှတ်ဖွယ်ကား - ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံဟူသော ဤအာရုံ ၆-ပါးသည် **အာရမ္မဏပစ္စည်း** မည်၏။ ထိုအာရုံတို့ကို အာရုံပြု၍ဖြစ်သော စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါးသည် **အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန်** မည်၏။ အာရုံ ၆-ပါးတို့တွင် ဓမ္မာရုံဟူသည်မှာ- ပသာဒရုပ် ၅-ပါး၊ သုခုမရုပ် ၁၆-ပါး၊ စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ ပညတ်၊ နိဗ္ဗာန်ဟူသော ဤ ၆-မျိုးပင် ဖြစ်သည်။

အဓိပတိပစ္စည်း ဖြစ်သည်။ ဆန္ဒမှတပါးသော စိတ်, ဝီရိယ, ဝီမံသတို့သည် အဓိပတိပစ္စည်း မဖြစ်ကြ။ ကြွင်းသော တရားတို့ အဓိပတိပစ္စည်းဖြစ်ရာ၌လည်း ဤနည်းပင်တည်း။

ထိုမှတပါး အကြင်တရားကို အလေးအမြတ် အာရုံပြု၍ စိတ်,စေတသိက်တရားတို့သည် ဖြစ်ကုန်၏။ ထို အလေးအမြတ် အာရုံပြုအပ်သော တရားသည်[1] ထိုအလေးပြုတတ်သော စိတ်စေတသိက် တရားတို့၏[2] အာရမ္မဏာဓိပတိ ပစ္စည်းမည်၏။ ထို့ကြောင့် "အကြင် အကြင် တရားကို အလေးပြု၍ အကြင် အကြင် စိတ် စေတသိက်တရားတို့သည် ဖြစ်ကုန်၏။ ထိုထို အလေးပြုအပ်သော တရားတို့သည် ထိုထိုအလေးပြုတတ်သော စိတ် စေတသိက်တရားတို့အား အဓိပတိပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏"ဟု မြတ်စွာဘုရား ဟောတော်မူအပ် ပေသည်။[3]

## (၄-၅) အနန္တရပစ္စည်း- သမနန္တရပစ္စည်း

၅၉၈။ အခြားမရှိသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ရှေးရှေး စိတ်စေတသိက်တရားသည် အနန္တရ ပစ္စည်းမည်၏။ ကောင်းစွာ အခြားမရှိသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ရှေးရှေး စိတ်စေတသိက်တရား သည် သမနန္တရပစ္စည်းမည်၏။ ဤပစ္စည်း ၂-ပါးကို များစွာသောအပြားတို့ဖြင့် ဆရာတို့ ချဲ့၍ ဖွင့်ပြကြကုန်၏။[4] သို့သော်လည်း ယခုဆိုမည့် စကားသည်သာလျှင် အနှစ်သာရ ဖြစ်သည်။ ယင်းအနှစ်သာရကား "စက္ခုဝိညာဏ်၏ အခြားမဲ့၌ မနောဓာတ်ခေါ် သမ္ပဋိစ္ဆိုင်းစိတ် ဖြစ်၏။ မနောဓာတ်၏ အခြားမဲ့၌ မနောဝိညာဏဓာတ်ခေါ် သန္တီရဏ စိတ်ဖြစ်၏။ "ဤသို့ အစရှိသော စိတ်အစဉ်(စိတ္တနိယာမ)သည် ရှေးရှေး အခြားမဲ့ စိတ်၏အစွမ်းအားဖြင့်သာလျှင် ပြီးစီး၏။ အခြားတပါးသော အခြင်းအရာအားဖြင့် မပြီးစီးပေ။ ထို့ကြောင့် မိမိ မိမိ၏ အခြားမဲ့၌ သင့်လျော်သော စိတ္တုပ္ပါဒ် (စိတ်စေတသိက်)ကို ဖြစ်စေရန် စွမ်းနိုင်သော စိတ်စေတသိက်တရားသည် အနန္တရပစ္စည်း မည်၏။

ထို့ကြောင့်ပင်လျှင် "အနန္တရပစ္စည်းဟူသည်ကား- စက္ခုဝိညာဏဓာတ်သည်၎င်း, ယင်းဓာတ်နှင့်ယှဉ်သော စေတသိက်တရားတို့သည်၎င်း, မနောဓာတ်အား၎င်း, ယင်းဓာတ်နှင့်ယှဉ်သော စေတသိက်တရားတို့အား၎င်း

---

[1] **အလေးအမြတ် အာရုံပြုသောတရား** ဟူသည်မှာ - (၁) ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် ၁၈-ပါး၊ (၂) (ဒေါသမူ ၂, မောဟမူ ၂, ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ်သော) စိတ် ၈၄-ပါး၊ (၃) (ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော) စေတသိက် ၄၇-ပါး၊ (၄) နိဗ္ဗာန်-ဟူသော ဤတရားများပင် ဖြစ်သည်။

[2] အလေးပြုတတ်သော စိတ်စေတသိက်-ဟူသည်မှာ လောဘမူစိတ် ၈-ပါး၊ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာကြိယာ ဉာဏ သမ္ပယုတ်စိတ် ၄-ပါး၊ လောကုတ္တရာစိတ် ၈-ခု ဟူသော ဤစိတ် ၂၈-ပါးနှင့် (ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, အပ္ပမညာကြဉ်သော) စေတသိက် ၄၅-ပါးတို့ပင် ဖြစ်သည်။

[3] အဓိပတိပစ္စည်း၌ အကျဉ်းမှတ်ဖွယ် - အဓိပတိတပ်ခိုက် ဆန္ဒ,ဝီရိယ,စိတ္တ,ဝီမံသ ဟူသော ၄-ပါးတို့တွင် **သဟဇာတာဓိပတိ ပစ္စည်း** မည်၏။ မောဟမူ ၂-ပါး၊ ဟသိတုပ္ပါဒ်ကြဉ်သော အဓိပတိ ရခိုက်-ရနေဖြစ်သော သာဓိပတိဇောစိတ် ၅၂-ပါး၊ ထိုစိတ် တို့နှင့်ယှဉ်သော ဝိစိကိစ္ဆာနှင့် အဓိပတိတရားကိုယ်ကြဉ်သော စေတသိက် ၅၁-ပါး၊ သာဓိပတိစိတ္တဇရုပ် ဟူသော ဤစိတ်, စေတသိက်, ရုပ်တရားအပေါင်းသည် **သဟဇာတာဓိပတိ ပစ္စယုပ္ပန်** မည်၏။ အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော ရုပ် ၁၈-ပါး၊ စိတ် ၈၄-ပါး၊ စေတသိက် ၄၇-ပါး၊ နိဗ္ဗာန်ဟူသော ဤတရားအပေါင်းသည် **အာရမ္မဏာဓိပတိ ပစ္စည်း**မည်၏။ အလေး အမြတ်ပြုတတ်သော စိတ် ၂၈-ပါး၊ စေတသိက် ၄၅-ပါးတို့သည် **အာရမ္မဏာဓိပတိပစ္စယုပ္ပန်** မည်၏။

[4] သဘောတရား တပါးအားဖြင့် အခြားမရှိသည်၏ အဖြစ်သည် အနန္တရပစ္စည်းမည်၏။ ကာလအားဖြင့် အခြားမရှိသည်၏ အဖြစ်သည် သမနန္တရပစ္စည်း မည်၏။

အနန္တရပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏" ဤသို့ စသည်ကို မြတ်စွာဘုရား ဟောတော်မူခဲ့ပေသည်။ အကြင်တရား သည် အနန္တရပစ္စည်းဖြစ်၏။ ထိုတရားသည်ပင်လျှင် သမနန္တရပစ္စည်း ဖြစ်၏။ မှန်ပေ၏။ ဥပစယနှင့် သန္တတိရုပ်တို့ ၌ ကဲသို့၄င်း, အဓိဝစနဒုက်နှင့် နိရုတ္တိဒုက် စသည်တို့၌ကဲ့သို့၄င်း ဤအနန္တရပစ္စည်းတို့၌ သဒ္ဒါမျှသာ ထူးသည်။ သဘောအနက်အားဖြင့်မူကား ထူးခြားခြင်း မရှိပေ။

"သဘောတရားအားဖြင့် အခြားမရှိသည်၏ အဖြစ်ကြောင့် အနန္တရပစ္စည်းမည်၏။ ကာလအားဖြင့် အခြား မရှိသည်၏ အဖြစ်ကြောင့် သမနန္တရ ပစ္စည်းမည်၏"ဟူ၍ ထူးခြားကြောင်း - ထူးခြားပုံကို ရေဝတဆရာတို့သည် အလိုရှိအပ်၏။ ထိုထူးခြားပုံသည်လည်း "နိရောဓသမာပတ်မှ ထသော အနာဂါမ်ပုဂ္ဂိုလ်၏ နေဝသညာ နာသညာ- ယတန ကုသိုလ်သည် အနာဂါမိဖလသမာပတ်အား သမနန္တရပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏" ဤသို့စသော ပါဠိ တော်စကားတို့နှင့် ဆန့်ကျင်၏။ ထိုဆန့်ကျင်ရာ၌ ပြေလည်စေရန်အလို့ငှာ "စိတ်,စေတသိက် သဘောတရားတို့၏ ကာလမခြားပဲ ဖြစ်စေခြင်းငှာ စွမ်းနိုင်သည်၏ အဖြစ်သည် မယုတ်လျော့ပါ။ သို့သော်လည်း နိရောဓသမာပတ် ဘာဝနာ၏ အစွမ်းဖြင့် တားမြစ်ထားသောကြောင့်သာလျှင် ပစ္စယုပ္ပန် စိတ်စေတသိက် တရားတို့သည် ကာလ အခြားမဲ့၌ မဖြစ်ပဲ ရှိကြပါသည်" ဟူ၍ ချေပသောစကားကို ထိုဆရာတို့က ဆိုကြ၏။ ထိုစကားသည်လည်း ကာလဖြင့် အခြားမရှိသည်၏အဖြစ်, မရှိခြင်းကိုသာလျှင် ပြီးစေ၏။ ပြီးစေပုံကား- နိရောဓသမာပတ်မှ ထသော အခါ စိတ်စေတသိက်ဖြစ်ရာ၌ ဘာဝနာ၏အစွမ်းကြောင့် ကာလအားဖြင့် အခြားမရှိသည်၏ အဖြစ်သည် မရှိပါ။

သို့ဖြစ်သောကြောင့် ငါတို့သည်လည်း ဤကာလအားဖြင့် အခြားမရှိသည်၏အဖြစ် မရှိခြင်းကိုသာလျှင် (ဝါ) ဤ (၇)ရက် အစရှိသော ကာလအားဖြင့် အခြားရှိသည်၏အဖြစ် ရှိခြင်းကိုသာလျှင် ဆိုပါကုန်၏။ ယင်းသို့ ကာလအားဖြင့် အခြားမရှိသည်၏အဖြစ် မရှိခြင်းကြောင့် ထိုဆရာတို့၏ အနက်အရအားဖြင့် သမနန္တရပစ္စည်း အဖြစ်သည် မသင့်ပါ။ အဘယ့်ကြောင့်ဆိုသော် ထိုဆရာတို့၏ အယူသည် "ကာလအားဖြင့် အခြားမရှိသည်၏ အဖြစ်ကြောင့် သမနန္တရပစ္စည်း မည်သည်"ဟု ဖြစ်သောကြောင့်ပေတည်း။

ထိုသို့ ပြဆိုခဲ့သည့်အတိုင်း "ကာလအားဖြင့် အခြားမရှိသည်၏ အဖြစ်ကြောင့် သမနန္တရပစ္စည်း မည်သည်"ဟူသော အနက်၏ မသင့်ခြင်းကြောင့် မြဲမြံစွာ နှလုံးသွင်းခြင်းကို မပြုမူ၍ ဤအနန္တရ-သမနန္တရ ဟူသော ပစ္စည်း၂-ပါးတို့၌ သဒ္ဒါမျှဖြင့်သာလျှင် ထူးခြားခြင်းကို ယုံကြည်ယူဆအပ်၏။ အနက်အားဖြင့် ထူးခြား ခြင်းကို မယူဆအပ်ပေ။ အဘယ်သို့ ထူးခြားသနည်းဟူမူ? ဤပစ္စည်း စိတ်စေတသိက်တရားတို့အား ပစ္စယုပ္ပန်နှင့် ခြားကွယ်တတ်သော အခြားနာမ်တရားသည် မရှိ။ ထို့ကြောင့် အနန္တရ မည်ကုန်၏။[1] ပုံသဏ္ဍာန် မရှိခြင်းကြောင့် ကောင်းစွာ အခြားမရှိကြကုန်။ ထိုသို့ ကောင်းစွာ အခြားမရှိကြသောကြောင့် သမနန္တရ မည်ကုန်၏။

---

[1] အနန္တရ-အခြားမရှိသည်ဖြစ်၍ + ပစ္စယ- ကျေးဇူးပြုတတ်သောတရား။ အနန္တရပစ္စည်း၌ အကျဉ်းချုပ်မှတ်ဖွယ်ကား - ရှေးရှေးအခြားမဲ့ စိတ်စေတသိက်အပေါင်းသည် အနန္တရပစ္စည်း မည်၏။ နောက်နောက်အခြားမဲ့ စိတ်စေတသိက် အပေါင်း သည် အနန္တရာပစ္စယုပ္ပန် မည်၏။ (မှတ်ချက်။ ရဟန္တာတို့၏ စုတိစိတ်သည် နောက်ဆုံးစိတ်ဖြစ်သောကြောင့် ရှေးရှေးစိတ်ဟု ဆိုသော ပစ္စည်းထဲ၌ မပါဝင်။ နောက်နောက်စိတ်ဟု ဆိုသော ပစ္စယုပ္ပန်တရားထဲ၌သာ ပါဝင်သည်။)

## (၆) သဟဇာတပစ္စည်း

၅၉၉။ ဖြစ်ပေါ်ဆဲပင်လျှင် မိမိနှင့် အတူတကွ တပေါင်းတည်း ပြိုင်တူ ပစ္စယုပ္ပန်တရားတို့ကို ဖြစ်ပေါ်စေသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားသည် သဟဇာတပစ္စည်း မည်၏။[1] ဥပမာ- ဆီမီးသည် ဖြစ်ပေါ်ဆဲမှာပင်လျှင် အလင်းရောင်ကို ဖြစ်ပေါ်စေလျက် ကျေးဇူးပြုသကဲ့သို့ပေတည်း။ ထိုသဟဇာတပစ္စည်းသည် နာမ်ခန္ဓာစသည်တို့၏ အစွမ်းအားဖြင့် ၆-ပါး အပြားရှိ၏။ မြတ်စွာဘုရား ဟောတော်မူပုံကား-

"(၁) လေးပါးကုန်သော စိတ်စေတသိက် နာမ်ခန္ဓာတို့သည် အချင်းချင်း သဟဇာတသတ္တိဖြင့် ကျေးဇူးပြု၏။ (၂) လေးပါးကုန်သော မဟာဘုတ်တို့သည် အချင်းချင်း သဟဇာတသတ္တိဖြင့် ကျေးဇူးပြု၏။ (၃) ပဋိသန္ဓေခဏ၌ စိတ်စေတသိက်နာမ်နှင့် ဟဒယဝတ္ထုရုပ်သည် အချင်းချင်း သဟဇာတသတ္တိဖြင့် ကျေးဇူးပြု၏။ (၄) စိတ်စေတသိက် တရားတို့သည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြု၏။ (၅) မဟာဘုတ်တို့သည် ဥပါဒါရုပ်တို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြု၏။ (၆) ဟဒယဝတ္ထုရုပ်တရားတို့သည် စိတ်စေတသိက်တရားတို့အား အချို့သော ပဋိသန္ဓေကာလ၌ သဟဇာတပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏။ အချို့သော ပဝတ္တိကာလ၌ သဟဇာတပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးမပြု"ဟူ၍ ပင်တည်း။

ဤနောက်ဆုံးအပိုဒ် စကားကို ဟဒယဝတ္ထုကိုသာ ရည်၍ ဟောအပ်ပေသည်။[2]

## (၇) အညမညပစ္စည်း

၆၀၀။ အချင်းချင်း အပြန်အလှန် ဖြစ်စေတတ်-ထောက်ပံ့တတ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်တတ်သော တရားသည် အညမညပစ္စည်း မည်၏။ ဥပမာ- အချင်းချင်း ထောက်ပံ့လျက် ထောင်နေသော သစ်သား သုံးချောင်းထောက် ကဲ့သို့ပင်တည်း။ ထိုအညမညပစ္စည်းသည် နာမ်ခန္ဓာစသည်တို့၏ အစွမ်းအားဖြင့် ၃-ပါး အပြားရှိ၏။ မြတ်စွာဘုရား ဟောတော်မူပုံကား- "(၁) လေးပါးကုန်သော စိတ်စေတသိက် နာမ်ခန္ဓာတို့သည် အချင်းချင်း ကျေးဇူးပြုသော အညမညပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏။ (၂) လေးပါးကုန်သော မဟာဘုတ်တို့သည် အညမည

---

[1] သဟ - ပစ္စုယုပ္ပန်တရားများနှင့် အတူတကွ, တပေါင်းတည်း, တပြိုင်နက် + ဇာတ- ဖြစ်၍ + ပစ္စယ-ကျေးဇူးပြုတတ်သည် = သဟဇာတပစ္စယ- တကွဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

[2] ဤသဟဇာတပစ္စည်း၌ အကျဉ်းချုပ် မှတ်ဖွယ်ကား-

(၁) စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ ပဝတ္တိ ပဋိသန္ဓေ နာမ်ခန္ဓာ ၄-ပါးသည် အချင်းချင်း သဟဇာတပစ္စည်းလည်း မည်၏။ ပစ္စယုပ္ပန်လည်း မည်၏။

(၂) ကလာပ်တူ မဟာဘုတ် ၄-ပါးသည် အချင်းချင်း သဟဇာတ ပစ္စည်းလည်း မည်၏။ ပစ္စယုပ္ပန်လည်း မည်၏။

(၃) ပဉ္စဝေါကာရပဋိသန္ဓေ နာမ်ခန္ဓာ ၄-ပါးနှင့် ဟဒယဝတ္ထုသည် အချင်းချင်း သဟဇာတပစ္စည်းလည်း မည်၏။ ပစ္စယုပ္ပန်လည်း မည်၏။

(၄) အရူပဝိပါက် ၄-ခု၊ ဒွေးပဉ္စဝိညာဏ် ၁၀၊ ရဟန္တာတို့၏ စုတိစိတ်မှ တပါးသောရုပ်ကို ဖြစ်စေတတ်သည့် စိတ် ၇၅-ပါး၊ စေတသိက် ၅၂-ပါး၊ ပဝတ္တိ ပဋိသန္ဓေ နာမ်ခန္ဓာ ၄-ပါးသည် သဟဇာတပစ္စည်း မည်၏။ ထိုစိတ်စေတသိက်တို့ကြောင့်ဖြစ်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်သည် သဟဇာတ ပစ္စယုပ္ပန် မည်၏။

(၅) မဟာဘုတ် ၄-ပါးသည် သဟဇာတပစ္စည်း မည်၏။ ယင်းတို့နှင့် ကလာပ်တူ ဥပါဒါရုပ်များသည် သဟဇာတပစ္စယုပ္ပန် မည်၏။

ပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏။ (၃) ပဋိသန္ဓေခဏ၌ စိတ်စေတသိက်နာမ်နှင့် ဟဒယဝတ္ထုရုပ်သည် အညမည ပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏"ဟူ၍ ပင်တည်း။

## (၈) နိဿယပစ္စည်း

ဖ၀၁။ မြေကြီးစသည်သည် သစ်ပင်စသည်၏ တည်ရာဖြစ်သကဲ့သို့ တည်ရာ အခြင်းအရာအားဖြင့်၄င်း၊ ပန်းချီကား, အဝတ် စသည်သည် ပန်းချီဆေး စသည်၏ မှီရာဖြစ်သကဲ့သို့ မှီရာ၏ အဖြစ်အားဖြင့်၄င်း ကျေးဇူးပြုတတ်သော တရားသည် နိဿယပစ္စည်းမည်၏။ ဥပမာ - မြေကြီးစသည်နှင့် အဝတ်စသည်တို့သည် သစ်ပင်စသည်နှင့် ပန်းချီးဆေးစသည်တို့၏ တည်ရာ မှီရာ ဖြစ်သကဲ့သို့ပေတည်း။

ထိုနိဿယပစ္စည်းကို "လေးပါးကုန်သော စိတ်,စေတသိက် နာမ်ခန္ဓာတို့သည် အချင်းချင်း နိဿယပစ္စည်းသတ္တိဖြင့် ကျေးဇူးပြု၏" ဤသို့ စသည်ဖြင့် သဟဇာတပစ္စည်း၌ ဆိုအပ်သောနည်းဖြင့်ပင်လျှင် သိအပ်၏။ အထူးကား- ဤနိဿယပစ္စည်း၌ ၆-ခုမြောက်အဖို့ကို "စက္ခာယတနသည် စက္ခုဝိညာဏဓာတ်အား၄င်း။ သောတာယတနသည် .. ၄င်း၊ ဃာနာယတနသည် .. ၄င်း၊ ဇိဝှါယတနသည် .. ၄င်း၊ ကာယာယတနသည် ကာယ-ဝိညာဏဓာတ်အား၄င်း၊ ထိုဝိညာဏ်နှင့် ယှဉ်သော စေတသိက် ၇-ပါး တရားတို့အားဖြင့် နိဿယသတ္တိဖြင့် ကျေးဇူးပြု၏။ အကြင်ရုပ်ကို မှီ၍ ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းဒွေးခေါ် မနောဓာတ်သည်၄င်း၊ အရူပဝိပါက် ၄-ခု ကြဉ်သော ၇၂-ပါးသော မနောဝိညာဏဓာတ်သည်၄င်း ဖြစ်ကုန်၏။ ထိုမှီရာရုပ်သည် မနောဓာတ်အားဖြင့်၊ မနော-ဝိညာဏဓာတ်အား၄င်း၊ ထိုဓာတ်၂-ပါးနှင့်ယှဉ်သော စေတသိက်တရားတို့အား၄င်း နိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏"ဟူ၍ ဤသို့ ဝေဘန် ဟောတော်မူအပ်ပေသည်။[1]

---

[1] နိဿယပစ္စည်းသည် သဟဇာတနိဿယ, ပုရေဇာတနိဿယ ဟူ၍ ၂-ပါးအပြားရှိ၏။ ထိုတွင် သဟဇာတနိဿယ၌ အကျဉ်းချုပ် မှတ်ဖွယ်သည် သဟဇာတ၌ ပြခဲ့သော မှတ်ဖွယ် ၅-ပုဒ်နှင့် တူ၏။ ပုရေဇာတ နိဿယ၌-အကျဉ်းချုပ် မှတ်ဖွယ်ကား-

(၁) ရှေးဦးအစ အတီတဘဝင်နှင့်အတူ ဖြစ်ခဲ့၍ စက္ခုဝိညာဏ်၏ မှီရာဖြစ်သော စက္ခာယတနခေါ် စက္ခုပသာဒရုပ်သည် နိဿယပစ္စည်းမည်၏။ စက္ခုဝိညာဏ်စိတ်နှင့် စေတသိက် ၇-ပါးသည် နိဿယပစ္စယုပ္ပန် မည်၏။

(၂-၃-၄-၅) ရှေးဦးအစ အတီတဘဝင်နှင့် အတူဖြစ်ခဲ့၍ သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယ-ဝိညာဏ်တို့၏ မှီရာဖြစ်သော သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတနခေါ် ပသာဒရုပ် ၄-ပါးသည် နိဿယ ပစ္စည်းမည်၏။ သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်နှင့် ယှဉ်ဘက် စေတသိက် ၇-ပါးသည် နိဿယပစ္စယုပ္ပန်မည်၏။

(၆) ပဋိသန္ဓေစိတ်စသော ရှေးရှေးအခြားမဲ့စိတ်နှင့် အတူဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်သည် နိဿယပစ္စည်းမည်၏။ ပဉ္စမဘဝင် အစရှိသော အရူပဝိပါက် ၄-ခုမှ တပါးသော မနောဝိညာဏဓာတ်, မနောဓာတ်ခေါ် နောက်နောက်သော စိတ်, စေတသိက်သည် နိဿယပစ္စယုပ္ပန် မည်၏။ စုတေခါနီး၌မူ စုတိစိတ်မှ ရှေး ၁၇-ခုမြောက် စိတ်နှင့်အတူ ဖြစ်ခဲ့သော ဟဒယ ဝတ္ထုရုပ်က နိဿယပစ္စည်း၊ စုတိတိုင်အောင် ၁၆-ခုသော စိတ်နှင့်ယှဉ်ဘက် စေတသိက်အပေါင်းက နိဿယပစ္စယုပ္ပန် ဖြစ်သေး၏။

## (၉) ဥပနိဿယပစ္စည်း

ဖ၈၂။ ဥပနိဿယပစ္စယော-ဟူသော ဤပုဒ်၌မူ ဤဆိုလတ္တံ့သည်ကား ရှေးဦးစွာ ဝစနတ္ထ သဒ္ဒါနက်ပေတည်း။ ထိုအကြောင်းနှင့်စပ်သော ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့် မှီရာဟူသော မိမိ၏ အကျိုးသည် ထိုမှီရာအကြောင်းကို မှီအပ်၏။ မစွန့်လွှတ်အပ်။ ထိုသို့ မစွန့်လွှတ်ပဲ မှီအပ်သောကြောင့် **နိဿယ** မည်၏။

**ဥပနိဿယ** မည်ပုံမှာ လွန်ကဲပြင်းပြသော အာယာသ-ပင်ပန်းခြင်းသည် ဥပါယာသ မည်သကဲ့သို့ ထို့အတူ လွန်ကဲသော နိဿယ-မှီရာသည် ဥပနိဿယ မည်၏။ ဤဥပနိဿယဟူသော အမည်သည် အားကြီးသော အကြောင်း၏ အမည်ပေတည်း။ ထို့ကြောင့် အားကြီးသော အကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားသည် ဥပနိဿယပစ္စည်း မည်၏ဟူ၍ သိအပ်၏။

ထိုဥပနိဿယသည် (၁) အာရမ္မဏူပနိဿယ (၂)အနန္တရူပနိဿယ (၃)ပကတူပနိဿယ ဟူ၍ ၃-ပါး အပြားရှိ၏။ ထိုသုံးပါးတို့တွင် ရှေးဦးစွာ အာရမ္မဏူပနိဿယပစ္စည်းကို-

> "လှူဖွယ်ဝတ္ထုကို ပေးလှူပြီးလျှင်, သီလကို ဆောက်တည်ပြီးလျှင်, ဥပုသ်စောင့်ခြင်းအမှုကို ပြုပြီးလျှင် ထိုဒါန,သီလ ဥပုသ်စောင့်ခြင်းကို အလေးပြု၍ ဆင်ခြင်၏။ ရှေးကာလ၌ ကောင်းစွာ ကျင့်ခဲ့သော ကောင်းမှုတို့ကို အလေးပြု ဆင်ခြင်၏။ ဈာန်မှ ထပြီးလျှင် ဈာန်ကို အလေးပြု ဆင်ခြင်၏။ သေက္ခ-ကျင့်ဆဲပုဂ္ဂိုလ်တို့သည် သောတာပတ္တိမဂ်၏ ရှေးအခြားမဲ့ဖြစ်သော ဂေါတြဘူကို အလေးပြု၍ ဆင်ခြင်ကုန်၏။ အထက်မဂ်သုံးပါး၏ အခြားမဲ့ဖြစ်သော ဝေါဒါန်ကို အလေးပြု၍ ဆင်ခြင်ကုန်၏။ သေက္ခပုဂ္ဂိုလ်တို့သည် မဂ်မှ ထ၍ မဂ်ကို အလေးပြု၍ ဆင်ခြင်ကုန်၏" ဟု

ဤသို့ အစရှိသောနည်းဖြင့် အာရမ္မဏာဓိပတိပစ္စည်းနှင့် ထူးခြားခြင်းကို မပြုမူ၍ ဝေဘန်ဟောကြားတော်မူ၏။ ထိုစကားရပ်၌ (ဝါ) ထိုသို့ အတူပြု၍ ဟောရာ၌ အကြင်အာရုံကို အလေးပြု၍ စိတ်စေတသိက်တို့ သည် ဖြစ်ကုန်၏။ ထိုအာရုံသည် ကိန်းသေအမြဲအားဖြင့် ထိုစိတ်စေတသိက်တို့၏ အာရုံတို့တွင် အားကြီးသော အာရုံဖြစ်ပေသည်။ သို့ဖြစ်၍ အလေးပြုအပ်သည်၏ အဖြစ်မျှဟူသော အနက်သဘောကြောင့် **အာရမ္မဏာဓိပတိ** မည်၏။ အားကြီးသော အကြောင်းဟူသော အနက်သဘောကြောင့် **အာရမ္မဏူပနိဿယ**[1] မည်၏။ ဤသို့ အာရမ္မဏာဓိပတိနှင့် အာရမ္မဏူပနိဿယတို့၏ ထူးခြားခြင်းကို သိအပ်ပေသည်။

အနန္တရူပနိဿယ ပစ္စည်းကိုလည်း "ရှေးရှေး၌ ဖြစ်ကုန်သော ကုသိုလ်ခန္ဓာတို့သည် နောက်နောက်၌ ဖြစ်ကုန်သော ကုသိုလ်ခန္ဓာတို့အား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏" ဤသို့ အစရှိသော နည်းဖြင့် အနန္တရပစ္စည်းနှင့် ထူးခြားခြင်းကို မပြုမူ၍ (ဝါ) အတူပြု၍သာလျှင် ဝေဘန်တော်မူအပ်၏။ သို့သော် မာတိကာထားရာ ပစ္စယ-နိဒ္ဒေသပါဠိ၌မူ ယင်းပစ္စည်း ၂-ပါးတို့တွင်-

> "စက္ခုဝိညာဏဓာတ်သည်၎င်း, ယင်းဝိညာဏဓာတ်နှင့် ယှဉ်သော စေတသိက် ၇-ပါးတို့သည်၎င်း၊ မနောဓာတ်အား၎င်း၊ ယင်းဓာတ်နှင့်ယှဉ်သော ၁၀-ပါးသော စေတသိက်တရားတို့ အား၎င်း အနန္တရသတ္တိဖြင့် ကျေးဇူးပြု၏"

ဤသို့ အစရှိသောနည်းဖြင့် အနန္တရပစ္စည်း၏ လာခြင်းကြောင့် (ဝါ) အနန္တရပစ္စည်းကို ဟောခြင်းကြောင့်၎င်း၊

"ရှေးရှေး၌ဖြစ်ကုန်သော ကုသိုလ်တရားတို့သည် နောက်နောက်၌ ဖြစ်ကုန်သော ကုသိုလ်တရားတို့အား

[1] အာရမ္မဏူပနိဿယ၌ အကျဉ်းမှတ်ဖွယ်သည် အာရမ္မဏာဓိပတိ၌ မှတ်ဖွယ်နှင့် တူ၏။

ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏"

ဤသို့အစရှိသော နည်းဖြင့် အနန္တရူပနိဿယ ပစ္စည်း၏ လာခြင်းကြောင့် (ဝါ) အနန္တရူပနိဿယ ပစ္စည်းကို ဟောခြင်းကြောင့်၄င်း မာတိကာထားရား၌ ထူးခြားခြင်း ရှိသေး၏။ ထိုမာတိကာထားရာ၌ ထူးခြားခြင်းသည်လည်း အနက်သဘောအားဖြင့် တစ်ခုတည်းအဖြစ်- တူသည်၏အဖြစ်သို့သာလျှင် ရောက်၏။ ဤသို့ပင် တူသော်ငြားလည်း မိမိ မိမိ၏ အခြားမဲ့၌ သင့်လျော်သော စိတ္တုပ္ပါဒ်ကို ဖြစ်စေခြင်းငှာ စွမ်းနိုင်သည်၏ အဖြစ်ကြောင့် အနန္တရပစ္စည်း အဖြစ်ကို သိအပ်၏။ နောက်စိတ်ကို ဖြစ်စေရာ၌ ရှေးစိတ်၏ အားကြီးသည်၏အဖြစ်ကြောင့် အနန္တရူပနိဿယ ပစ္စည်းအဖြစ်ကို သိအပ်၏။ ဥပမာပြရလျှင်- ဟေတုပစ္စည်း စသည်တို့တွင် အချို့သော တရားနှင့်ကင်း၍လည်း စိတ်နိုင်သကဲ့သို့ ထို့အတူ အခြားမဲ့စိတ်နှင့် ကင်း၍ စိတ်၏ဖြစ်ခြင်းမည်သည် မရှိ။ ထို့ကြောင့် အားကြီးသော အကြောင်းဖြစ်ပေသည်။ သို့ဖြစ်၍ မိမိ မိမိ၏ အခြားမဲ့၌ သင့်လျော်သောစိတ်ကို ဖြစ်စေသည်၏ အစွမ်းအားဖြင့် **အနန္တရပစ္စည်း** မည်၏။ အားကြီးသောအကြောင်း၏ အစွမ်းအားဖြင့် **အနန္တရူပနိဿယပစ္စည်း** မည်၏။ ဤသို့ ဤ၂-ပါးသော ပစ္စည်းတို့၏ ထူးခြားခြင်းကို သိအပ်ပေသည်။[1]

ပကတူပနိဿယကိုမူ ဤသို့ သိအပ်၏။ ပကတ- မိမိ၏အကျိုးကို ပြီးစေနိုင်အောင် ကောင်းစွာပြုပြင်အပ်သော + ဥပနိဿယ-အားကြီးသောအကြောင်းသည် **ပကတူပနိဿယ** မည်၏။ **ပကတ**-ကောင်းစွာပြုပြင်အပ်သည် မည်သည်မှာ မိမိသန္တာန်၌ ပြီးစေအပ်သော သဒ္ဓါ,သီလ စသည်သည်၄င်း (ဝါ) သဒ္ဓါ, သီလ, သုတ, စာဂ, ပညာသည်၄င်း၊ မှီဝဲအပ်သော ဥတု,ဘောဇဉ် စသည်သည်၄င်း (ဝါ) ဥတု, ဘောဇဉ်, ပုဂ္ဂိုလ်, ကျောင်း အိပ်ရာ နေရာသည်၄င်း **ပကတ**မည်၏။ တနည်း ဝစနတ္ထာကား- အာရမ္မဏ, အနန္တရတို့နှင့် မရောယှက်ပဲ မိမိ၏ ပင်ကိုပကတိသဘောအားဖြင့်သာလျှင် ဥပနိဿယ-အားကြီးသော အကြောင်းသည် **ပကတူပနိဿယ**မည်၏။ အာရမ္မဏ အနန္တရတို့နှင့် မရောယှက်သော ဥပနိဿယဟု ဆိုလို၏။ ထိုပကတူပနိဿယ၏ အပြားကို-

> "ပကတူပနိဿယကား- သဒ္ဓါတရားကို အမှီပြု၍ အလှူဒါနကို ပေးလှူ၏။ သီလကို ဆောက်တည်၏။ ဥပုသ်စောင့်သုံးခြင်း အမှုကို ပြု၏။ ဈာန်ကို ဖြစ်စေ၏။ ဝိပဿနာကို ဖြစ်စေ၏။ မဂ်ကို ဖြစ်စေ၏။ သီလကို, သုတကို, စာဂကို, ပညာကို ဖြစ်စေ၏။ သဒ္ဓါသည်, သီလသည်, သုတသည်, စာဂသည်, ပညာသည် နောက်ထပ်ဖြစ်သော သဒ္ဓါအား, သီလအား, သုတအား, စာဂအား, ပညာအား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏" ဤသို့ အစရှိသောနည်းဖြင့် များသောအပြားအားဖြင့် သိအပ်၏။

ဤဆို့ခဲ့သည့်အတိုင်း ဤသဒ္ဓါအစရှိသော တရားတို့သည် ကောင်းစွာ ပြုပြင်အပ်သောကြောင့် ပကတ-လည်း မည်ကုန်၏။ အားကြီးသော အနက်သဘောကြောင့် ဥပနိဿယလည်း မည်ကုန်၏။ ထို၂-ပါးသော အကြောင်းကြောင့် ပကတူပနိဿယ မည်၏ဟု သိအပ်၏။ [2]

---

[1] ဤအနန္တရူပနိဿယ၌ မှတ်ဖွယ်အကျဉ်းချုပ်သည် အနန္တရနှင့် တူ၏။

[2] ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ, ရုပ်, ဥတု, ဘောဇဉ်, ပုဂ္ဂိုလ်, ကျောင်း, အိပ်ရာ, နေရာ တစ်စုံတစ်ခုကို စွဲမှီ၍ ကုသိုလ်စသည် ဖြစ်ပွားလျှင် စွဲမှီရာကုသိုလ်စသည်က ပကတူပနိဿယပစ္စည်း၊ စွဲမှီ၍ဖြစ်သော ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ စိတ်စေတသိက် နာမ်ခန္ဓာက ပကတူပနိဿယ ပစ္စယုပ္ပန် ဖြစ်သည်။

## (၁၀) ပုရေဇာတပစ္စည်း

၆၀၃။ ပစ္စယုပ္ပန်တရားတို့ မဖြစ်မီ ရှေးဦးစွာ ဖြစ်ပြီးလျှင် ဖြစ်ဆဲ-ရှိဆဲ-တည်ဆဲ၏ အဖြစ်ဖြင့် ကျေးဇူးပြု တတ်သော နိပ္ဖန္နရုပ် ၁၈-ရုပ်ခုဟူသော တရားသည် ပုရေဇာတပစ္စည်း မည်၏။ ထိုပုရေဇာတပစ္စည်းသည် ပဉ္စဒွါရ၌ စက္ခုစသော ဝတ္ထု, ရူပါယတနစသော အာရုံ, ဟဒယဝတ္ထုတို့၏ အစွမ်းအားဖြင့် ၁၁-ပါး အပြားရှိ၏။ မြတ်စွာဘုရား ဟောတော်မူပုံကား--

"စက္ခာယတနသည် စက္ခုဝိညာဏဓာတ်အားငှင်း, ထိုဝိညာဏဓာတ်နှင့်ယှဉ်သော စေတသိက် ၇-ပါး တရားတို့အားငှင်း ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြု၏။ သောတာယတနသည် သောတဝိညာဏဓာတ် အားငှင်း...၊ ဃာနာယတနသည် ဃာနဝိညာဏဓာတ်အားငှင်း...၊ ဇိဝှါယတနသည် ဇိဝှါဝိညာဏဓာတ် အားငှင်း...၊ ကာယာယတနသည် ကာယဝိညာဏဓာတ်အားငှင်း, ထိုဝိညာဏဓာတ်နှင့် ယှဉ်သော စေတသိက် ၇-ပါး တရားတို့အားငှင်း ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြု၏။

ရူပါယတနသည် စက္ခုဝိညာဏဓာတ်အားငှင်း...၊ သဒ္ဒါယတနသည် သောတဝိညာဏဓာတ်အား ငှင်း...၊ ဂန္ဓာယတနသည် ဃာနဝိညာဏဓာတ်အားငှင်း...၊ ရသာယတနသည် ဇိဝှါဝိညာဏဓာတ်အားငှင်း၊ ဖောဋ္ဌဗ္ဗာယတနသည် ကာယဝိညာဏဓာတ်အားငှင်း, ထိုဝိညာဏ်နှင့်ယှဉ်သော စေတသိက် ၇-ပါး တရား တို့အားငှင်း ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြု၏။ ရူပါယတနသည်, သဒ္ဒါယတနသည်, ဂန္ဓာယတနသည်, ရသာယတနသည်, ဖောဋ္ဌဗ္ဗာယတနသည် မနောဓာတ်အားငှင်း, ထိုမနောဓာတ်နှင့် ယှဉ်သော စေတသိက် ၁၀-ပါး တရားတို့အားငှင်း ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြု၏။

အကြင်ရုပ်ကို အမှီပြု၍ မနောဓာတ်သည်ငှင်း, မနောဝိညာဏဓာတ်သည်ငှင်း ဖြစ်ကုန်၏။ ထိုမှီရာရုပ်သည် မနောဓာတ်အားငှင်း, ထိုဓာတ်နှင့်ယှဉ်သော စေတသိက်တရားတို့အားငှင်း ပုရေဇာတ သတ္တိဖြင့် ကျေးဇူးပြု၏။ အရူပဝိပါက် ၄-ခုကြဉ်သော ၇၂-ပါးသော မနောဝိညာဏဓာတ်အားငှင်း, ထိုဓာတ်နှင့်ယှဉ်သော စေတသိက် ၅၂-ပါး တရားတို့အားငှင်း ပထမဘဝင်မှ စ၍ ပဝတ္တိကာလဟု ဆိုအပ် သော အချို့သော ကာလ၌ ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြု၏။ ပဋိသန္ဓေခဏဟု ဆိုအပ်သော အချို့သော ကာလ၌ ပုရေဇာတသတ္တိဖြင့် ကျေးဇူးမပြု၊ (သဟဇာတသတ္တိဖြင့်သာ ကျေးဇူးပြု၏)"ဟူ၍ ပင်တည်း။[1]

## (၁၁) ပစ္ဆာဇာတပစ္စည်း

၆၀၄။ ပစ္စည်းတရား မဖြစ်မီ ရှေးဦးစွာ ဖြစ်နှင့်ကုန်သော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇ

---

[1] **ဝတ္ထုပုရေဇာတ, အာရမ္မဏပုရေဇာတ** ၂-ပါးတို့တွင် ဝတ္ထုပုရေဇာတ၌ အကျဉ်းမှတ်ဖွယ်သည် ပုရေဇာတနိဿယ၌ ပြခဲ့သော (၁,၂,၃,၄,၅,၆)နှင့် တူ၏။ အာရမ္မဏပုရေဇာတ၌ မှတ်ဖွယ်ကား-

(၁) ရှေးဦးအစ အတီတဘဝင်နှင့်အတူ ဖြစ်ခဲ့၍ ပဉ္စဒွါရာဝဇ္ဇန်း, ပဉ္စဝိညာဏ် အစရှိသော ပဉ္စဒွါရိက စိတ်စေတသိက် တို့၏ အာရုံဖြစ်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့သည် ပုရေဇာတပစ္စည် မည်၏။ ထိုအာရုံတို့ကို အာရုံပြု၍ ဖြစ်သော ပဉ္စဒွါရိက စိတ်-စေတသိက်အပေါင်းသည် ပုရေဇာတပစ္စယုပ္ပန် မည်၏။

(၂) ရှေးဦးအစ အတီတဘဝင်နှင့်အတူ ဖြစ်ခဲ့၍ မနောဒွါရာဝဇ္ဇန်းဇော, တဒါရုံတို့၏ အာရုံဖြစ်သော နိပ္ဖန္နရုပ် ၁၈-ခု ဟူသော အာရုံ ၆-ပါးသည် ပုရေဇာတပစ္စည်း မည်၏။ ထိုအာရုံကို အာရုံပြု၍ဖြစ်သော မနောဒွါရာဝဇ္ဇန်းဇော, တဒါရုံ, စိတ် စေတသိက် အပေါင်းသည် ပစ္စယုပ္ပန်မည်၏။

ကာယဟု ဆိုအပ်ကုန်သော[1] ရုပ်တရားတို့ကို ထောက်ပံ့တတ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော အရူပ-ဝိပါက် ၄-ခုကြဉ်သော စိတ် ၈၅-ခု၊ စေတသိက် ၅၂-ခုဟု ဆိုအပ်သော နာမ်တရားသည် ပစ္ဆာဇာတပစ္စည်း မည်၏။ ဥပမာ- အာဟာရ၌ ဖြစ်သော တောင့်တမှုစေတနာသည် လင်းတငယ်တို့၏ ကိုယ်တို့အား ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုသကဲ့သို့ ပေတည်း။ ထို့ကြောင့်-

> "နောက်၌ဖြစ်ကုန်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက်ဖြစ်နေ စိတ် ၈၅-ခု, စေတသိက် ၅၂-ခု ဟူသော နာမ်တရားတို့သည် ရှေး၌ဖြစ်နှင့်သော (ကေဇ, ဒွိဇ, တိဇ, စတုဇကာယဟု ဆိုအပ်သော) ဤရုပ်ကိုယ်အား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြု၏"ဟူ၍ မြတ်စွာဘုရား ဟောတော်မူအပ်ပေသည်။ [2]

## (၁၂) အာသေဝနပစ္စည်း

ဖ၆၅။ ပစ္စယုပ္ပန်တရားတို့ကို ကုသိုလ်အစရှိသော အဖြစ်ဖြင့် မိမိနှင့်တူအောင် အဖန်တလဲလဲ ပြုပြင်ခြင်း, ဖြစ်စေခြင်းဟူသော မှီဝဲစေခြင်း, အထုံရစေခြင်း သဘောဖြင့် (ဝါ) မိမိနှင့်တူသော သဘောရှိသည်၏ အဖြစ်ကို ယူစေခြင်းဟူသော ထုံစေခြင်းသဘောဖြင့် (ဝါ) မိမိနှင့်တူသော သဘောရှိသည်၏ အဖြစ်ကို ယူစေခြင်းဟူသော ထုံစေခြင်း, အထုံရစေခြင်း သဘောဖြင့် အခြားမဲ့၌ဖြစ်ကုန်သော ပထမဇော,ဖိုလ်ဇောကြဉ်သော နောက်နောက် ဇော ၅၁-ခု၊ စေတသိက် ၅၂-ခုဟူသော ပစ္စယုပ္ပန်တရားတို့အား လေ့လာသည်၏အဖြစ် အားကြီးသည်၏အဖြစ် အလို့ငှာ (ဝါ) အလေ့အလာရရန် အားကောင်းရန် အလို့ငှာ ကျေးဇူးပြုတတ်သော အဆုံးဇောကြဉ်သော ရှေးရှေး လောကီဇော ၄၇-ခု၊ စေတသိက် ၅၂-ခု ဟူသော တရားသည် အာသေဝနပစ္စည်း မည်၏။ ဥပမာ - ကျမ်းဂန်စသည်တို့၌ ရှေးရှေးဖြစ်သော သင်ယူခြင်း, ကြားနာခြင်း, ဆောင်ထားခြင်း အစရှိသော အားထုတ်ခြင်း, မှီဝဲခြင်းကဲ့သို့ ပေ

---

[1] ဤ၌ **ကေဇကာယ**-ဟူသည်မှာ ပဋိသန္ဓေစိတ်၏ **ဥပါဒ်ခဏ**၌ဖြစ်သော ကမ္မဇရုပ်အပေါင်းကို ထိုခဏအတွက် ခေါ်အပ်သော အမည်ဖြစ်သည်။ ပဋိသန္ဓေစိတ်၏ **ဌီခဏ**မှစ၍ ဥတုဇရုပ်အပေါင်းနှင့်တကွ **ဒွိဇကာယ** ဖြစ်လာသည်။ ပထမဘဝင်စိတ်ဖြစ်သောအခါ ပဋိသန္ဓေခဏက ဖြစ်ခဲ့သော ယင်းဒွိဇကာယအား ပထမဘဝင် စိတ်,စေတသိက်အပေါင်းက ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြု ထောက်ပံ့၏။ ထို**ပထမဘဝင်အခိုက်၌** စိတ္တဇရုပ်အပေါင်းနှင့်တကွ **တိဇကာယ** ဖြစ်လာ၏။ ထို့ကြောင့် ဒုတိယဘဝင်မှစ၍ တိဇကာယအား ဒုတိယဘဝင်စသည်က ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြု ထောက်ပံ့၏။

ကာမလောက၌ **အာဟာရဇရုပ် ဖြစ်သောအခါ** နောက်နောက် စိတ်စေတသိက်အပေါင်းက **စတုဇကာယ**အား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြု ထောက်ပံ့၏။ နိရောသမာပတ်မှ ထသောအခါ ကာမလောက၌ တိဇကာယအား, ရူပ-လောက၌ ဒွိဇကာယအား အနာဂါမိဖိုလ် အရဟတ္တဖိုလ် စိတ်စေတသိက်အပေါင်းက ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြု ထောက်ပံ့၏။ သို့ဖြစ်၍ ကေဇကာယအား အသီးအခြားပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြု ထောက်ပံ့ခြင်းမည်သည် မရှိပေ။

သို့သော်လည်း ပထမဘဝင် စသည်က ဒွိဇကာယ, တိဇကာယအား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုရာ၌ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏက ဖြစ်ခဲ့ သော ကေဇကာယသည်လည်း ပစ္ဆာဇာတပစ္စယုပ္ပန်အဖြစ်ဖြင့် ပါဝင်ပေသည်။ ထိုသို့ပါဝင်သောကြောင့်၄င်း, ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ကေဇကာယရှိကြောင်း သိစေလို, ထင်ရှားစေလိုသောကြောင့်၄င်း ဤအရာ၌ ကေဇကာယကို ရှေးဆရာတို့ ထည့်သွင်းဖော်ပြကြသည် ဖြစ်ရာ၏။ ပဋ္ဌာန်း အဋ္ဌကထာ၌မူ ကာမလောက၌ စတုသမုဋ္ဌာနိကရုပ်အား, ရူပလောက၌ တိသမုဋ္ဌာနိကရုပ်အား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုကြောင်းမျှသာ ပြဆိုသည်။

[2] ဤပစ္ဆာဇာတပစ္စည်း၌ အကျဉ်းချုပ်မှတ်ဖွယ်ကား - ပဉ္စဝေါကာရဘုံ၌ ပထမဘဝင် အစရှိသော နောက်နောက် စိတ်, စေတသိက် အပေါင်းသည် ပစ္ဆာဇာတ ပစ္စည်းမည်၏။ ပဋိသန္ဓေစိတ် အစရှိသော ရှေးရှေးစိတ်တို့နှင့် အတူဖြစ်ခဲ့၍ ရုပ်၏ဌီခဏ၌ တည်ဆဲဖြစ်သော တစ်ကိုယ်လုံးရှိ ရုပ်အပေါင်းသည် ပစ္ဆာဇာတပစ္စယုပ္ပန် မည်၏။

တည်း။ ထိုအာသေဝနပစ္စည်းသည် ကုသိုလ်ဇော, အကုသိုလ်ဇော, ကြိယာဇောတို့၏ အစွမ်းအားဖြင့် သုံးပါးအပြား ရှိ၏။ မြတ်စွာဘုရား ဟောတော်မူပုံကား-

"ရှေးရှေး၌ ဖြစ်ကုန်သော လောကီကုသိုလ်ဇော, နာမ်ခန္ဓာတရားတို့သည် နောက်နောက်ဖြစ်ကုန်သော ကုသိုလ်ဇော, နာမ်ခန္ဓာတို့အား အာသေဝနသတ္တိဖြင့် ကျေးဇူးပြု၏။ ရှေးရှေး၌ဖြစ်ကုန်သော အကုသိုလ်ဇော, နာမ်ခန္ဓာတရားတို့သည် နောက်နောက်၌ ဖြစ်ကုန်သော အကုသိုလ်ဇော, နာမ်ခန္ဓာ တရားတို့အား...။ ရှေးရှေး၌ ဖြစ်ကုန်သော ကြိယာဇော,နာမ်ခန္ဓာ အဗျာကတတရားတို့သည် နောက် နောက်၌ ဖြစ်ကုန်သော ကြိယာဇော နာမ်ခန္ဓာ အဗျာကတတရားတို့အား အာသေဝနသတ္တိဖြင့် ကျေးဇူး ပြု၏" ဟူ၍ပင်တည်း။[1]

## (၁၃) ကမ္မပစ္စည်း

၆၀၆။ စိတ်၏ ပယောဂ-ဗျာပါရဟု ဆိုအပ်သော ပြုမှု-အားထုတ်မှု၏ အဖြစ်ဖြင့် (ဝါ) ပြုလုပ်အားထုတ် ခြင်း အမူအရာသဘောဖြင့် ကျေးဇူးပြုတတ်သော စေတနာ ၈၉-ခုဟူသော တရားသည် ကမ္မပစ္စည်းမည်၏။ ထိုကမ္မပစ္စည်းသည် ပစ္စယုပ္ပန်နှင့် ထူးခြားကွဲပြားသော ခဏရှိသော ကုသိုလ်စေတနာ အကုသိုလ်စေတနာ၏ အစွမ်းအားဖြင့်၄င်း၊ ပစ္စယုပ္ပန်နှင့်အတူတကွ တပြိုင်နက်ဖြစ်သော အလုံးစုံလည်းဖြစ်သော ၈၉-ခုသော စေတနာ ၏ အစွမ်းအားဖြင့်၄င်း ၂-ပါးအပြား ရှိ၏။ မြတ်စွာဘုရား ဟောတော်မူပုံကား--

"ကုသိုလ်,အကုသိုလ်ကံသည် ဝိပါက်-အကျိုးဖြစ်ကုန်သော စိတ်,စေတသိက် နာမ်ခန္ဓာတို့အား ၄င်း၊ ကဋတ္တာရုပ်ခေါ် ကမ္မဇရုပ်တို့အား၄င်း၊ နာနာက္ခဏိက-ကမ္မသတ္တိဖြင့် ကျေးဇူးပြု၏။ ၈၉-ခုသော စေတနာသည် ယှဉ်ကုန်သော စိတ်,စေတသိက်တရားတို့အား၄င်း၊ ထိုစေတနာကြောင့် ဖြစ်သောရုပ်တို့ အား၄င်း သဟဇာတကမ္မသတ္တိဖြင့် ကျေးဇူးပြု၏"ဟူ၍ပင်တည်း။[2]

## (၁၄) ဝိပါကပစ္စည်း

၆၀၇။ အားထုတ်မှု လုံ့လဗျာပါရကင်းသော ငြိမ်သက်သည်၏ အဖြစ်ဖြင့် အားထုတ်မှု လုံ့လဗျာပါရ ကင်းသော ငြိမ်သက်သည်၏ အဖြစ်အလို့ငှာ (ဝါ) အားထုတ်မှုကင်းသော ငြိမ်သက်ခြင်းဖြစ်ရန် ကျေးဇူးပြုတတ် သော ဝိပါက်(အကျိုး)တရားသည် ဝိပါကပစ္စည်းမည်၏။ ထိုဝိပါကပစ္စည်းသည် ပဝတ္တိကာလ၌ ထိုဝိပါက်ကြောင့် ဖြစ်သော ရုပ်တို့အား၄င်း၊ ပဋိသန္ဓေကာလ၌ ပဋိသန္ဓေ ကမ္မဇရုပ်တို့အား၄င်း, ပဝတ္တိ ပဋိသန္ဓေ ကာလအလုံးစုံ၌

---

[1] ဤအာသေဝနပစ္စည်း၌ အကျဉ်းချုပ်မှတ်ဖွယ်ကား-- ရှေးရှေးအခြားမဲ့သော လောကီသော ၄၇-ခုသည် အာသေဝနပစ္စည်း မည်၏။ နောက်နောက် အခြားမဲ့သော မဂ်ဇော ၄-ခုနှင့်တကွ ယင်းလောကီဇော ၄၇-ခုသည် အာသေဝနပစ္စယုပ္ပန် မည်၏။

[2] ဤကမ္မပစ္စည်း၌ အကျဉ်းချုပ်မှတ်ဖွယ်ကား-

(၁) ကုသိုလ်, အကုသိုလ်ကံ စေတနာသည် နာနာက္ခဏိက ကမ္မပစ္စည်းမည်၏။ ထိုကံ၏ အကျိုးဖြစ်သော ဝိပါက် စိတ်စေတသိက်နှင့် ကမ္မဇရုပ်သည် နာနာက္ခဏိကကမ္မပစ္စယုပ္ပန် မည်၏။

(၂) စေတနာ ၈၉-ခုသည် သဟဇာတကမ္မပစ္စည်း မည်၏။ ယှဉ်ဘက်စိတ် ၈၉-ခု, စေတသိက် ၅၂-ခု၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်သည် သဟဇာတကမ္မ ပစ္စယုပ္ပန်မည်၏။

ယှဉ်ဘက် စိတ်,စေတသိက်တို့အားငှင်း ဝိပါကပစ္စည်းသတ္တိဖြင့် ကျေးဇူးပြုတတ်၏။ မြတ်စွာဘုရား ဟောတော်မူပုံကား-

"ဝိပါက်အဗျာကတဖြစ်သော ခန္ဓာတပါးသည် ခန္ဓာသုံးပါးတို့အားငှင်း၊ စိတ္တဇရုပ်တို့အားငှင်း ဝိပါကပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏။ ..ပ..။ ပဋိသန္ဓေခဏ၌ ဝိပါက်အဗျာကတဖြစ်သော ခန္ဓာတပါးသည် ခန္ဓာသုံးပါးတို့အားငှင်း၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားငှင်း...၊ ခန္ဓာသုံးပါးတို့သည် ခန္ဓာတစ်ပါးအားငှင်း၊ ခန္ဓာ ၂-ပါးတို့သည် ခန္ဓာ ၂-ပါးတို့အားငှင်း၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားငှင်း ဝိပါကသတ္တိဖြင့် ကျေးဇူးပြု၏။ ခန္ဓာတို့သည် ဝတ္ထုရုပ်အား ဝိပါကသတ္တိဖြင့် ကျေးဇူးပြု၏"ဟူ၍ပင်တည်း။[1]

## (၁၅) အာဟာရပစ္စည်း

ဖ၇၈။ ရုပ်နာမ်တို့အား ထောက်ပံ့တတ်သည်၏ အဖြစ်ဖြင့် (ဝါ) ထောက်ပံ့တတ်သော သဘောဖြင့်[2] ကျေးဇူးပြုတတ်ကုန်သော ၄-ပါးသော အာဟာရတို့သည် အာဟာရပစ္စည်း မည်၏။ မြတ်စွာဘုရား ဟောတော်မူပုံကား-

"အလုပ်အလွေ့ မဟုတ်သော်လည်း အလုပ်အလွေ့ကဲ့သို့ ပြုအပ်သော[3] ကံ, စိတ်, ဥတု, အာဟာရ အကြောင်း ၄-ဖြာကြောင့် ဖြစ်သော သြဇာခေါ် အာဟာရသည် ကလာပ်တူ ကလာပ်ပြား ဖြစ်သော စတုဇ ကာယ, တိဇကာယဟု ဆိုအပ်သော[4] ဤရုပ်အပေါင်းကိုယ်အား အာဟာရပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏။ (ဖဿ, စေတနာ, ဝိညာဏ်ဟူသော) နာမ်အာဟာရတို့သည် ယှဉ်ဘက်နာမ်တရားတို့အားငှင်း၊ ထိုနာမ်အာဟာရတို့ကြောင့် ဖြစ်သော ရုပ်တို့အားငှင်း အာဟာရပစ္စည်းဖြင့် ကျေးဇူးပြု၏"ဟူ၍ ပင်တည်း။ ပဋ္ဌာဝါရ၌မူကား-

"ပဋိသန္ဓေခဏ၌ ဝိပါက်အဗျာကတ ဖြစ်ကုန်သော (ဖဿ, စေတနာ, ဝိညာဏ်ဟူသော) အာဟာရတို့သည် ယှဉ်ဘက်နာမ်ခန္ဓာတို့အားငှင်း၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားငှင်း အာဟာရပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏"ဟူ၍လည်း ဟောတော်မူအပ်သေး၏။[5]

---

[1] ဤ**ဝိပါကပစ္စည်း**၌ အကျဉ်းချုပ်မှတ်ဖွယ်- ဝိပါက်စိတ် ၃၆-ခု၊ စေတသိက် ၃၈-ခုသည် ဝိပါကပစ္စည်းမည်၏။ ယှဉ်ဘက် စိတ်စေတသိက်အပေါင်းနှင့် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်သည် ဝိပါကပစ္စယုပ္ပန် မည်၏။

[2] အာဟာရဇရုပ် စသည်တို့ကို ဖြစ်စေတတ်သော်လည်း ထောက်ပံ့တတ်သည်၏ အဖြစ်, ထောက်ပံ့မှုသည် အာဟာရတရားတို့၏ ပြဓာန်းသောကိစ္စဖြစ်သည်။ ထို့ကြောင့် ရုပ်နာမ်တို့အား ထောက်ပံ့တတ်သည်၏အဖြစ်ဖြင့်-ဟု ဆိုသည်။

[3] စားဖွယ်သည် မစားမီက အလုပ်အလွေ့ မဟုတ်သေး၊ စားသောအခါ အလုပ်အလွေ့ပြု၍ စားရသည်။ ထို့ကြောင့် ပါဠိနည်းအရ မူလကအတိုင်း မဟုတ်တော့ပဲ တဖြစ်ပြောင်းလဲခြင်း အနက်၌ ကဗဋီကာရ-ပုဒ်ပြီး၏။ ဆိုလိုရင်းမှာ "စားသောက်အပ်သော"ဟူ၍ပင် ဆိုလို၏။

[4] ဤ၌ တိဇကာယ-ဟူသည်မှာ ပထမဆုံးအကြိမ် အာဟာရက ထောက်ပံ့သောအခါ၌ငှင်း၊ နိရောဓသမာပတ် ဝင်စားခိုက်၌ငှင်း ရှိသော ရုပ်အပေါင်းကို ယူအပ်၏။

[5] ဤအာဟာရပစ္စည်း၌ အကျဉ်းမှတ်ဖွယ်ကား-

(၁) စတုသမုဋ္ဌာနိကဖြစ်သော သြဇာသည် အာဟာရပစ္စည်းမည်၏။ ကလာပ်တူသြဇာမှ တပါးသော စတုသမုဋ္ဌာနိက ရုပ်အပေါင်းသည် အာဟာရပစ္စယုပ္ပန် မည်၏။

(၂) ဖဿ, စေတနာ, ဝိညာဏ်ဟု ဆိုအပ်သော နာမ်အာဟာရတရား ၃-ပါးသည် အာဟာရပစ္စည်း မည်၏။

## (၁၆) ဣန္ဒြိယပစ္စည်း

၆၀၉။ အစိုးရခြင်း သဘောအားဖြင့် ကျေးဇူးပြုတတ်ကုန်သော ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့မှ တပါးကုန်သော ၂၀-သော ဣန္ဒြေတို့သည် ဣန္ဒြိယပစ္စည်း မည်၏။ ထိုဣန္ဒြေ ၂၀-တို့တွင် စက္ခုန္ဒြေစသည်တို့သည် (ဝါ) စက္ခုန္ဒြေ... ပ... ကာယိန္ဒြေ, သုခိန္ဒြေ, ဒုက္ခိန္ဒြေတို့သည်[1] စက္ခုဝိညာဏ် အစရှိသော ငါးပါးသော နာမ်တရားတို့အားသာလျှင် ကျေးဇူးပြုတတ်၏။ ကြွင်းသော ဣန္ဒြေ ၁၃-ပါးတို့သည် ရုပ်နှင့်နာမ် နှစ်ပါးလုံးတို့အား ကျေးဇူးပြုတတ်ကုန်၏။ မြတ်စွာဘုရား ဟောတော်မူပုံကား-

"စက္ခုန္ဒြေသည် စက္ခုဝိညာဏဓာတ်အား၄င်း၊ ...ပ... သောတိန္ဒြေသည်...၊ ဃာနိန္ဒြေသည်..၊ ဇိဝှိန္ဒြေသည်..၊ ကာယိန္ဒြေသည် ကာယဝိညာဏဓာတ်အား၄င်း၊ ထိုဓာတ်နှင့်ယှဉ်သော စေတသိက်နာမ်တရားတို့အား၄င်း ဣန္ဒြိယပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏။ ရုပ်ဇီဝိတိန္ဒြေသည် ကလာပ်တူကမ္မဇရုပ်တို့အား ဣန္ဒြိယပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏။ သရုပ်အားဖြင့် ၈-ပါး၊ ဣန္ဒြိယဘေဒအားဖြင့် ၁၅-ပါးကုန်သော နာမ်ဣန္ဒြေတို့သည် ယှဉ်ဘက်နာမ်တရားတို့အား၄င်း၊ ထိုဣန္ဒြေတို့ကြောင့်ဖြစ်သော ရုပ်တို့အား၄င်း ဣန္ဒြိယပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏" ဟူ၍ပင်တည်း။

ပဋ္ဌာဝါရ၌မူကား-

"ပဋိသန္ဓေခဏ၌ ဝိပါက်အဗျာကတ ဖြစ်ကုန်သော ဣန္ဒြေတို့သည် ယှဉ်ဘက်နာမ် ခန္ဓာတို့အား၄င်း၊ ပဋိသန္ဓေကမ္မဇရုပ်တို့အား၄င်း၊ ဣန္ဒြိယပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏" ဟူ၍လည်း ဟောတော်မူသေး၏။[2]

## (၁၇) ဈာနပစ္စည်း

၆၁၀။ အာရုံကို ကပ်၍ရှုခြင်း, စူးစူးစိုက်စိုက်ရှုခြင်း သဘောအားဖြင့် ကျေးဇူးပြုတတ်ကုန်သော ဒွေပဉ္စ-ဝိညာဏ်၌ သုခနှင့် ဒုက္ခဝေဒနာ ၂-ပါး အပေါင်းကို ချန်ထား၍[1] အလုံးစုံလည်း ဖြစ်ကုန်သော[2] ကုသိုလ်စသည်

---

ယှဉ်ဘက် စိတ်စေတသိက် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်သည် အာဟာရပစ္စယုပ္ပန် မည်၏။

[1] သုခိန္ဒြေ, ဒုက္ခိန္ဒြေတို့သည် ရုပ်ကို မဖြစ်စေတတ်သော ကာယဝိညာဏ်နှင့်သာ ယှဉ်သောကြောင့် ယှဉ်ဘက်နာမ်အားသာလျှင် ကျေးဇူးပြုတတ်သည်။

[2] ဤ**ဣန္ဒြိယပစ္စည်း**၏ အကျဉ်းချုပ်မှတ်ဖွယ်ကား-

၁။ ရှေးဦးအစ အတီတဘဝင်နှင့် အတူ ဖြစ်ခဲ့၍ ပဉ္စဝိညာဏ်၏ မှီရာဖြစ်သော ပသာဒရုပ် ဣန္ဒြေငါးပါးသည် ပုရေဇာတိန္ဒြိယပစ္စည်း မည်၏။ ပဉ္စဝိညာဏ်နှင့် ယှဉ်ဘက်စေတသိက် (၇)ပါးသည် ပုရေဇာတိန္ဒြိယပစ္စယုပ္ပန် မည်၏။

၂။ ဇီဝိတရုပ်သည် ရူပဇီဝိတိန္ဒြိယပစ္စည်း မည်၏။ ကလာပ်တူအခြား ကမ္မဇရုပ်အပေါင်းသည် ရူပဇီဝိတိန္ဒြိယပစ္စယုပ္ပန်မည်၏။

၃။ ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ ဟူသော နာမ်ဣန္ဒြေတို့သည် သဟဇာတိန္ဒြိယပစ္စည်းမည်၏။ ယှဉ်ဘက် စိတ်စေတသိက်အပေါင်းနှင့် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်သည် သဟဇာတိန္ဒြိယ ပစ္စယုပ္ပန် မည်၏။

အပြားရှိကုန်သော ဝိတက်, ဝိစာရ, ပီတိ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, ဧကဂ္ဂတာတို့ အလိုအားဖြင့် ၇-ပါး ကုန်သော ဈာနင်(ဈာန်၏ အစိတ်အင်္ဂါ)တို့သည် ဈာနပစ္စည်းမည်၏။ မြတ်စွာဘုရာ ဟောတော်မူပုံကား-

"ဈာနင်တို့သည် ဈာန်နှင့်ယှဉ်သော စိတ်စေတသိက် တရားတို့အားငှင်း၊ ထိုဈာန်ကြောင့်ဖြစ်သော ရုပ်တို့အားငှင်း ဈာနပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏" ဟူ၍ပင်တည်း။

ပဥှာဝါရ၌မူကား-

"ပဋိသန္ဓေခဏ၌ ဝိပါက် အဗျာကတဖြစ်ကုန်သော ဈာနင်တို့သည် ယှဉ်ဘက်နာမ်ခန္ဓာတို့အားငှင်း၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အားငှင်း ဈာနပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏" ဟူ၍လည်း ဟောတော်မူသေး၏။[3]

## (၁၈) မဂ္ဂပစ္စည်း

ဖ၁၁။ အမှတ်မရှိ တစ်စုံတစ်ခုသော အခြင်းအရာအားဖြင့် (ဝါ) အမှန်နှင့်အမှား တပါးပါးအားဖြင့်[4] ထွက်မြောက်ကြောင်း (ဝါ) ပြီးမြောက်ကြောင်း သဘောဖြင့် ကျေးဇူးပြုတတ်ကုန်သော ကုသိုလ်စသည် အပြား ရှိကုန်သော ၁၂-ပါးသော[5] မဂ္ဂင်(မဂ်၏ အစိတ်အင်္ဂါ)တို့သည် မဂ္ဂပစ္စည်းမည်၏။ မြတ်စွာဘုရား ဟောတော်မူပုံ ကား-

"မဂ္ဂင်တို့သည် မဂ်နှင့်ယှဉ်သော စိတ်စေတသိက်တရားတို့အားငှင်း၊ ထိုမဂ်ကြောင့်ဖြစ်သော ရုပ်တို့ အားငှင်း မဂ္ဂပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏"ဟူ၍ပင်တည်း။

---

[1] ဝေဒနာငါးပါးတို့တွင် သုခနှင့်ဒုက္ခသည် စင်စစ် ဈာနင်မဟုတ်သောကြောင့် အထက်ပါအတိုင်း ချန်ထားရန် ဆိုပေသည်။ ယင်းသို့ ဆိုခြင်းဖြင့်ပင် ပဉ္စဝိညာဏ်နှင့်ယှဉ်သော ဥပေက္ခာ ဧကဂ္ဂတာတို့ကိုလည်း ဈာနင်မဟုတ်ဟု သိစေသည်။ သို့သော် ယင်းဥပေက္ခာနှင့် ဧကဂ္ဂတာတို့သည်ကား အခြားစိတ်တို့နှင့် ယှဉ်ခိုက်၌ ဈာနင်ဖြစ်ကြသေး၏။ ထို့ကြောင့် ယင်းတို့ကိုကား ချန်ထားရန် ဤအရာ၌ မဆိုပေ။ မဂ္ဂပစ္စည်း၏ အဆုံး၌ကား ပြလတ့ံ။

[2] ဤ၌ "အလုံးစုံ"ဟူသော စကားဖြင့် ကုသိုလ်စသော အပြား အလုံးစုံကိုသာ ဆိုလိုသည်။ စိတ္တုပ္ပါဒ်အလုံးစုံ၌ တရားတို့ကို ကား ဆိုလိုသည်မဟုတ်။

[3] **ဈာနပစ္စည်း**၌ အကျဉ်းချုပ်မှတ်ဖွယ်-

ဒွေးပဉ္စဝိညာဏ်၌ ဝေဒနာ,ဧကဂ္ဂတာမှ တပါးသော ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာ ဟူသော ဈာနင် တရားတို့သည် ဈာနပစ္စည်းမည်၏။ ယှဉ်ဘက် စိတ် ၇၉-ခု၊ စေတသိက် ၅၂-ခု၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်သည် ဈာနပစ္စယုပ္ပန် မည်၏။

[4] သမ္မာဒိဋ္ဌိ အစရှိသော သမ္မာမဂ္ဂင်သည် အမှန်အားဖြင့် ထွက်မြောက်ကြောင်း ဖြစ်၏။ မိစ္ဆာဒိဋ္ဌိအစရှိသော မိစ္ဆာမဂ္ဂင်သည် အမှားအားဖြင့် ထွက်မြောက်ကြောင်း ဖြစ်၏။ ဤ၌ "နိယျာန-ထွက်မြောက်ကြောင်း"ဟူသည်မှာလည်း သူ့ဆိုင်ရာကိစ္စ ပြီးစီး ထမြောက်ကြောင်းကိုပင် ဆိုလိုသည်။ ဝဋ်မှထွက်မြောက်ကြောင်းဟု ဆိုလိုသည်မဟုတ်။

[5] **မဂ္ဂင် ၁၂-ပါး** ဟူသည်မှာ- သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟူသော သမ္မာမဂ္ဂင် ၈-ပါးနှင့်, မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိ ဟူသော မိစ္ဆာမဂ္ဂင် ၄-ပါးတို့ပင် ဖြစ်သည်။ မိစ္ဆာဝါစာ-ကမ္မန္တ-အာဇီဝနှင့် မိစ္ဆာသတိတို့မှာ တရားကိုယ် သီးခြားမရှိ။ ထိုသို့သော အခြင်းအရာအားဖြင့် ဖြစ်သော အကုသိုလ်စေတနာနှင့် အကုသိုလ်စိတ္တုပ္ပါဒ်မျှသာ ဖြစ်သည်။ ထို့ကြောင့် ဓမ္မသင်္ဂဏီပါဠိ-ဓမ္မဒွေသဝါရ၌ငှင်း၊ ဤမဂ္ဂပစ္စည်း အရာ၌ငှင်း ထိုမိစ္ဆာမဂ္ဂင် ၄-ပါးကို မပြခြင်းဖြစ်သည်။

ပဋ္ဌာဝါဒ၌မူကား--

"ပဋိသန္ဓေခဏ၌ ဝိပါက်အဗျာကတ ဖြစ်ကုန်သော မဂ္ဂင်တို့သည် ယှဉ်ဘက် နာမ်ခန္ဓာတို့အားငှင်း၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားငှင်း မဂ္ဂပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏"ဟူ၍လည်း ဟောတော်မူသေး၏။

အထူးမှတ်ဖွယ်ကား- ဤ ၂-ပါးသော ဈာနပစ္စည်းနှင့် မဂ္ဂပစ္စည်းတို့ကို အစဉ်အတိုင်း ဒွေပဉ္စဝိညာဏ်စိတ်တို့နှင့် အဟိတ်စိတ်တို့၌ မရအပ်ကုန်ဟု သိအပ်ကုန်၏။[1]

## (၁၉) သမ္ပယုတ္တပစ္စည်း

၆၁၂။ တူသောဝတ္ထု ရှိသည်၏အဖြစ်, တူသောအာရုံ ရှိသည်၏အဖြစ်, တူသောဖြစ်ခြင်း ရှိသည်၏အဖြစ်, တူသောချုပ်ခြင်းရှိသည်၏အဖြစ် ဟုဆိုအပ်သော (ဝါ) တည်ရာတူခြင်း, အာရုံတူခြင်း, အဖြစ်တူခြင်း, အချုပ်တူခြင်းဟု ဆိုအပ်သော သမ္ပယုတ်အဖြစ်(ယှဉ်သည်၏အဖြစ်)ဖြင့်[2] ကျေးဇူးပြုတတ်သော စိတ်စေတသိက် နာမ်တရားတို့သည် သမ္ပယုတ်ပစ္စည်း မည်၏။ မြတ်စွာဘုရား ဟောတော်မူပုံကား-

"လေးပါးကုန်သော စိတ် စေတသိက် နာမ်ခန္ဓာတို့သည် အချင်းချင်း သမ္ပယုတ္တပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏" ဟူ၍ပင်တည်း။[3]

## (၂၀) ဝိပ္ပယုတ္တပစ္စည်း

၆၁၃။ တူသောဝတ္ထုရှိသည် စသည်၏အဖြစ်သို့ မရောက်သောအားဖြင့် (ဝါ) တည်ရာတူခြင်းစသည် မရှိသောအားဖြင့် စိတ်စေတသိက် နာမ်တရားတို့အား ကျေးဇူးပြုတတ်သော ရုပ်တရားတို့သည်ငှင်း၊ ရုပ်တရားတို့အား ကျေးဇူးပြုတတ်သော စိတ် စေတသိက် နာမ်တရားတို့သည်ငှင်း ဝိပ္ပယုတ္တပစ္စည်းမည်၏။ ထိုဝိပ္ပယုတ္တပစ္စည်းသည် သဟဇာတဝိပ္ပယုတ်, ပစ္ဆာဇာတဝိပ္ပယုတ်, ပုရေဇာတဝိပ္ပယုတ်တို့၏ အစွမ်းအားဖြင့် သုံးပါး အပြားရှိ၏။ မှန်ပေ၏။ မြတ်စွာဘုရားသည်-

"တကွဖြစ်ကုန်သော ကုသိုလ်ခန္ဓာတို့သည် စိတ္တဇရုပ်တို့အား ဝိပ္ပယုတ္တပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏။ နောက်၌ ဖြစ်ကုန်သော ကုသိုလ်ခန္ဓာတို့သည် ရှေး၌ဖြစ်သော ဤရုပ်အပေါင်းကိုယ်အား ဝိပ္ပယုတ္တပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏" ဤသို့ အစရှိသော ဤစကားကို ဟောတော်မူ၏။

အထူးကား-- အဗျာကတပုဒ်၏ သဟဇာတဝိဘင်း၌...

---

[1] ဤ**မဂ္ဂပစ္စည်း**၌ အကျဉ်းချုပ်မှတ်ဖွယ်ကား--

ပညာ, ဝိတက်, သမ္မာဝါစာ-ကမ္မန္တ-အာဇီဝ, ဝီရိယ, သတိ, သမာဓိ, မိစ္ဆာဒိဋ္ဌိဟူသော မဂ္ဂင်တရားကိုယ် ၉-ပါးသည် မဂ္ဂပစ္စည်းမည်၏။ ထိုမဂ္ဂင်တို့နှင့်ယှဉ်သော သဟိတ်စိတ် ၇၁-ခု၊ စေတသိက် ၅၂-ခု၊ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေ-ကမ္မဇရုပ် ဤတရားအပေါင်းသည် မဂ္ဂပစ္စယုပ္ပန်မည်၏။

[2] သမ္ပယုတ်အဖြစ် ဟူသည်မှာ ယှဉ်သည်ဟု ဆိုရခြင်း,သိရခြင်း၏ အကြောင်းဖြစ်သည်။ ထို့ကြောင့် တည်ရာတူခြင်းစသော ၄-ပါးတို့ကို သမ္ပယုတ်အင်္ဂါဟု ခေါ်သည်။

[3] ဤသမ္ပယုတ္တပစ္စည်း၌ အကျဉ်းချုပ်မှတ်ဖွယ်ကား-- စိတ် ၈၉-ခု၊ စေတသိက် ၅၂-ခု (ပဝတ္တိ ပဋိသန္ဓေ နာမ်တရားအပေါင်း) သည် အချင်းချင်း သမ္ပယုတ္တပစ္စည်းလည်း မည်၏။ ပစ္စယုပ္ပန်လည်း မည်၏။

"ပဋိသန္ဓေခဏ၌ ဝိပါက်အဗျာကတဖြစ်သော ခန္ဓာတို့သည် ကမ္မဇရုပ်တို့အား ဝိပ္ပယုတ္တပစ္စည်း (သတ္တိ)ဖြင့် ကျေးဇူးပြု၏။ ပဋိသန္ဓေ ဝိပါက်ခန္ဓာတို့သည် ဝတ္ထုရုပ်အား၊ ဝတ္ထုရုပ်သည် ပဋိသန္ဓေဝိပါက် ခန္ဓာတို့အား ဝိပ္ပယုတ္တပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏" ဟူ၍လည်း ဟောတော်မူသေး၏။

ပုရေဇာတဝိပ္ပယုတ်ကိုမူကား စက္ခုန္ဒြေစသော ဝတ္ထုရုပ်တို့၏ အစွမ်းအားဖြင့်သာလျှင် သိအပ်၏။ မြတ်စွာဘုရား ဟောတော်မူပုံကား--

"ရှေး၌ဖြစ်သော စက္ခာယတနသည် စက္ခုဝိညာဏ်အား ...ပ... ကာယာယတနသည် ကာယ-ဝိညာဏ်အား ဝိပ္ပယုတ္တပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏။ ဝတ္ထုရုပ်သည် ဝိပါက်အဗျာကတဖြစ်ကုန်သော ကြိယာအဗျာကတဖြစ်ကုန်သော ခန္ဓာတို့အား ...ပ... ဝတ္ထုရုပ်သည် ကုသိုလ်ခန္ဓာတို့အား ...ပ... ဝတ္ထုရုပ်သည် အကုသိုလ်ခန္ဓာတို့အား ဝိပ္ပယုတ္တပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏" ဟူ၍ပင်တည်း။[1]

## (၂၁) အတ္ထိပစ္စည်း

၆၁၄။ အကြောင်းကိုစွဲ၍ ဖြစ်ဆဲ ရှိဆဲ ပစ္စုပ္ပန်သဘောလက္ခဏာ ဖြစ်သော ရှိနေဆဲ၏ အဖြစ်ဖြင့် ထိုသို့ ရှိနေဆဲသာလျှင်ဖြစ်သော တရားအား ထောက်ပံ့တတ်သည်၏အဖြစ်ဖြင့် (ဝါ) ထောက်ပံ့သောအားဖြင့် ကျေးဇူး ပြုတတ်သော တရားသည် အတ္ထိပစ္စည်းမည်၏။ ထိုအတ္ထိပစ္စည်း၏ မာတိကာခေါင်းစဉ်ကို နာမ်ခန္ဓာ, မဟာဘုတ်, နာမ်ရုပ်, စိတ်စေတသိက်, မဟာဘုတ်, အာယတန, ဝတ္ထုရုပ်တို့၏ အစွမ်းဖြင့် ၇-ပါးအပြားအားဖြင့် ထားတော်မူ အပ်၏။ မြတ်စွာဘုရား ဟောတော်မူပုံကား--

"(၁) လေးပါးကုန်သော စိတ်စေတသိက် နာမ်ခန္ဓာတို့သည် အချင်းချင်း အတ္ထိပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူး ပြု၏။ (၂) လေးပါးကုန်သော မဟာဘုတ်တို့သည်...၊ (၃) ပဋိသန္ဓေခဏ၌ စိတ် စေတသိက်နာမ်နှင့် ယဒယဝတ္ထုရုပ်သည်...၊ (၄) စိတ်စေတသိက်တရားတို့သည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား...၊ (၅) မဟာဘုတ်တို့သည် ဥပါဒါရုပ်တို့အား...၊ (၆) စက္ခာယတနသည် စက္ခုဝိညာဏဓာတ်အား၄င်း၊ ...ပ... ကာယာယတနသည် ...ပ... ရူပါယတနသည်... ပ... ဖောဋ္ဌဗ္ဗာယတနသည် ကာယဝိညာဏဓာတ်အား၄င်း၊ ထိုဝိညာဏဓာတ်နှင့်ယှဉ်သော စေတသိက် ၇-ပါး တရားတို့အား၄င်း အတ္ထိပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု ၏။ ရူပါယတနသည်.... ဖောဋ္ဌဗ္ဗာယတနသည် မနောဓာတ်အား၄င်း၊ ထိုမနောဓာတ်နှင့် ယှဉ်သော စေတသိက် ၁၀-ပါး တရားတို့အား၄င်း...၊ (၇) အကြင်ရုပ်ကို အမှီပြု၍ မနောဓာတ်သည်၄င်း, မနော-ဝိညာဏဓာတ်သည်၄င်း ဖြစ်ကုန်၏။ ထိုမှီရာရုပ်သည် မနောဓာတ်အား၄င်း, မနောဝိညာဏဓာတ်အား ၄င်း၊ ထိုဓာတ်တို့နှင့်ယှဉ်သော စေတသိက် ၅၂-ပါး တရားတို့အား၄င်း အတ္ထိပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု ၏"ဟူ၍ပင်တည်း။

ပဉ္စာဝါရ၌မူကား-

---

[1] ဤဝိပ္ပယုတ္တပစ္စည်း၌ သဟဇာတ, ပစ္ဆာဇာတ, ပုရေဇာတဟု ၃-မျိုးရှိရာတွင် သဟဇာတဝိပ္ပယုတ်သည် သဟဇာတမှတ်ဖွယ် (၃-၄) အပိုဒ်တို့နှင့် တူ၏။ ပစ္ဆာဇာတဝိပယုတ်၌ ပစ္ဆာဇာတနှင့် တူ၏။ ပုရေဇာတဝိပ္ပယုတ်၌ ပုရေဇာတ (၁,၂,၃,၄,၅,၆)တို့နှင့် တူ၏။

**(၁) သဟဇာတတ္ထိပစ္စည်း (၂) ပုရေဇာတတ္ထိပစ္စည်း (၃) ပစ္ဆာဇာတတ္ထိပစ္စည်း (၄) အာဟာရတ္ထိပစ္စည်း (၅) ဣန္ဒြိယတ္ထိပစ္စည်း** ဟူ၍လည်း ခေါင်းစဉ်ထားပြီးလျှင် ရှေးဦးစွာ-

(၁)သဟဇာတတ္ထိပစ္စည်း၌"တစ်ခုသောခန္ဓာသည် သုံးပါးကုန်သော ခန္ဓာတို့အား၄င်း၊ ထိုခန္ဓာကြောင့်ဖြစ် သော ရုပ်တို့အား၄င်း အတ္ထိပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏" ဤသို့ အစရှိသောနည်းဖြင့် အကျယ်ပြခြင်း ကို ပြတော်မူအပ်၏။

(၂) ပုရေဇာတတ္ထိပစ္စည်း၌ ရှေး၌ဖြစ်ကုန်သော စက္ခုစသည်တို့၏ အစွမ်းအားဖြင့် (ဝါ) စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဝတ္ထု,/ ရူပ, သဒ္ဒ,/ ရူပါယတန...ပ.../ စက္ခာယတန..ပ... ကာယာယတန ဝတ္ထု/ တို့၏[1] အစွမ်းအားဖြင့် အကျယ်ပြခြင်းကို ပြတော်မူအပ်၏။

(၃) ပစ္ဆာဇာတတ္ထိပစ္စည်း၌ ရှေး၌ဖြစ်သော ဤရုပ်အပေါင်းကိုယ်အား နောက်၌ ဖြစ်ကုန်သော စိတ် စေတသိက်တို့၏ ကျေးဇူးပြုခြင်း၏ အစွမ်းအားဖြင့် အကျယ်ပြခြင်းကို ပြတော်မူအပ်၏။

(၄-၅) အာဟာရတ္ထိပစ္စည်းနှင့် ဣန္ဒြိယတ္ထိပစ္စည်းတို့၌ "အလုပ်အလွေ့ မဟုတ်သော်လည်း အလုပ်အလွေ့ကဲ့သို့ ပြုအပ်သော ဩဇာခေါ် အာဟာရသည် ဤရုပ်အပေါင်းကိုယ်အား အတ္ထိပစ္စည်း (သတ္တိ)ဖြင့် ကျေးဇူးပြု၏။ ရုပ်ဇီဝိတိန္ဒြေသည် ကမ္မဇရုပ်တို့အား အတ္ထိပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏" ဟူ၍ ဤသို့ အကျယ်ပြခြင်းကို ပြတော်မူအပ်၏။ [2]

## (၂၂) နတ္ထိပစ္စည်း

၆၁၅။ မိမိ၏ အခြားမဲ့၌ ဖြစ်ဆဲ ဖြစ်ကုန်သော စိတ် စေတသိက် နာမ်တရားတို့အား ဖြစ်ခွင့်ပေးသော အားဖြင့် ကျေးဇူးပြုတတ်သော ကောင်းစွာ ရှေးအခြားမဲ့၌ ချုပ်လေကုန်ပြီးသော စိတ် စေတသိက် နာမ်တရား တို့သည် နတ္ထိပစ္စည်း မည်၏။ မြတ်စွာဘုရား ဟောတော်မူပုံကား-

"ကောင်းစွာ ရှေးအခြားမဲ့၌ ချုပ်လေကုန်ပြီးသော စိတ်စေတသိက်တရားတို့သည် မိမိသို့ အတုလိုက်၍ ဖြစ်ကုန်သော (ဝါ) ပစ္စုပ္ပန်ဖြစ်ကုန်သော စိတ်စေတသိက် တရားတို့အား နတ္ထိပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏" ဟူ၍ပင်တည်း။[3]

## (၂၃) ဝိဂတပစ္စည်း

ထိုနတ္ထိပစ္စည်းတရားတို့သည်ပင်လျှင် ကင်းသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်ကြသောကြောင့် ဝိဂတ ပစ္စည်းမည်၏၏။ မြတ်စွာဘုရား ဟောတော်မူပုံကား--

---

[1] ဤ၌ စက္ခုမှ ဝတ္ထုတိုင်အောင် ၁၁-ပါးသည် ဝိပဿနာအား ကျေးဇူးပြုသော အာရမ္မဏပုရေဇာတတ္ထိ ပစ္စည်းမည်၏။ ထို့နောင် ရူပနှင့် သဒ္ဒသည် ဒိဗ္ဗစက္ခု-ဒိဗ္ဗသောတ အဘိညာဉ်အား ကျေးဇူးပြုသော ပစ္စည်းဖြစ်သည်။ ထို့နောင် ရူပါယတန စသော ငါးပါးသည် စက္ခုဝိညာဏဓာတ် စသည်အား ကျေးဇူးပြုသော အာရမ္မဏပုရေဇာတတ္ထိပစ္စည်း ဖြစ်သည်။ ထို့နောင် စက္ခာယတန စသော ဝတ္ထုရုပ် ၆-ပါးသည် စက္ခုဝိညာဏ်စသည်အား ကျေးဇူးပြုသော ဝတ္ထုပုရေဇာတတ္ထိပစ္စည်း ဖြစ်သည်။

[2] ဤ**အတ္ထိပစ္စည်း**၏ အကျဉ်းမှတ်ဖွယ်ကား- (၁) သဟဇာတတ္ထိသည် သဟဇာတနှင့် တူ၏။ (၂) ပုရေဇာတတ္ထိသည် ပုရေဇာတနှင့် တူ၏။ (၃) ပစ္ဆာဇာတတ္ထိသည် ပစ္ဆာဇာတနှင့်တူ၏။ (၄) အာဟာရတ္ထိသည် ကဗဠီကာရ အာဟာရပစ္စည်းနှင့် တူ၏။ (၅) ဣန္ဒြိယတ္ထိသည် ရူပဇီဝိတိန္ဒြိယတ္ထိနှင့် တူ၏။

[3] **နတ္ထိပစ္စည်း**သည် အနန္တရပစ္စည်းနှင့် တူ၏။

"ကောင်းစွာ ရွေးအခြားမဲ့၌ ကင်းလေကုန်ပြီးသော စိတ် စေတသိက်တရားတို့သည် မိမိသို့ အတုလိုက်၍ ဖြစ်ကုန်သော (ဝါ) ပစ္စုပ္ပန်ဖြစ်ကုန်သော စိတ်စေတသိက်တရားတို့အား ဝိဂတပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏" ဟူ၍ပင်တည်း။[1]

## (၂၄) အဝိဂတပစ္စည်း

ထိုမှတပါး အတ္ထိပစ္စည်းတရားတို့သည်ပင်လျှင် မကင်းသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်ကြသောကြောင့် အဝိဂတပစ္စည်း မည်၏ဟု သိအပ်၏။[2] ထိုသို့ နတ္ထိ, အတ္ထိပစ္စည်းတို့ကိုပင်လျှင် ဝိဂတ, အဝိဂတပစ္စည်းဟု သိအပ်ပါသော်လည်း ဒေသနာတော်ကို တင့်တယ်အောင် တန်းဆာဆင်တတ်သော သဗ္ဗညုတဉာဏ်တော်၏ အစွမ်းအားဖြင့်၄င်း၊ ထိုသို့ ဝိဂတပစ္စယော-အဝိဂတပစ္စယောဟု ဟောသော အခြင်းအရာအားဖြင့် ဆုံးမသွန်သင်ထိုက်သော ဝေနေယျတို့၏ အစွမ်းအားဖြင့်၄င်း ဤဝိဂတပစ္စည်း, အဝိဂတပစ္စည်း တစ်စုံဟူသော ဒုက်ကို ဟောတော်မူအပ်ပေသည်။ ဥပမာ - "ဟိတ်ရှိသောတရား + ဟိတ်မရှိသောတရား" ဟူသော အဟေတုကဒုက်ကို ဟောပြီး ဖြစ်ပါလျက်လည်း "ဟိတ်နှင့်ယှဉ်သောတရား + ဟိတ်နှင့်မယှဉ်သောတရား"ဟူသော ဟေတုဝိပ္ပယုတ္တဒုက်ကို ဟောအပ်သကဲ့သို့ပင်တည်း။

ဤတွင် ပဋ္ဌာန်းပစ္စည်းကို ပြဆိုအပ်သော စကားရပ်ပြီး၏။

***************

[1] **ဝိဂတပစ္စည်း**သည်လည်း အနန္တရပစ္စည်းနှင့် တူ၏။
[2] **အဝိဂတပစ္စည်း**သည် အတ္ထိပစ္စည်းနှင် တူ၏။